
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၈၄၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၅၉၀၄၁၁၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅

ဝိဇ္ဇာ


အိပ်မက်တမ်းချင်း ချစ်ခြင်းကဗျာ / ဝိဇ္ဇာ။ – ရန်

အောင်မြင်စာပေ၊ ၂၀၁၁။

၁၄၀ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ


BURMESE CLASSIC .com





အချစ်ဆိုတာ
အမည်ဖော်လို့မရသေးတဲ့
မိုင်းရပ်(စ်)ပိုးတစ်မျိုးပါပဲ
ရင်ထဲရောက်သွားလို့ကတော့
မျှော်ပြီသာမှတ်…

အချစ်ဆိုတာ
နှလုံးသားထဲစူးဝင်ပြီး
နုတ်မရအောင် စွဲနစ်ကျန်ခဲ့တဲ့
ဆူးတစ်ချောင်းပါပဲ
အမြဲတစ်းတမြေ့မြေ့နဲ့
နာကျင်သတိရစေပါတယ်…

ဗိုင်းသူ

www.burmeseclassic.com

www.burmeseclassic.com



တို့အားလုံးဟာ
စွဲလမ်းစိတ် ရူးသွပ်စိတ်နဲ့
သူမအချစ်ကို ရလိုရငြား
နည်းမျိုးစုံနဲ့ တောင်းခံဖို့
ချဉ်းကပ်ကြိုးစားခဲ့ကြတယ်...။

ဘုန်းမိုးသွန်း
စကြာ
ပေါင်းနေ



BURMESE CLASSIC .com

ကျေးဇူးနဲ့အချစ်ဆိုတာ
အလျော်အစား လုပ်လို့မရဘူး
လိမ်ညာဟန်ဆောင်ဖုံးကွယ်လို့လည်း မရဘူး။

နီရာကျော်

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဝေသ အထူးသတင်း

ယနေ့

နှလုံးသားမြို့တော်၏

မေတ္တာဝေသဌာနမှ

တိုင်းထွာချက်များအရ...

ချစ်သူ၏ အနီးတဝိုက်မှာ (နေလျှင်)

သာယာပါလိမ့်မည်။

သာယာရန်-သာယာနှုန်းမှာ

([illegible]) ရာခိုင်နှုန်း ဖြစ်ပါသည်။

လူသားတွေရဲ့ ရင်ခွင်အလယ်မှာ

တစ်ခါတစ်ရံ ချစ်သက်ပြင်းတွေကျပြီး

လှိုင်းကြီးနိုင်ပါသည်။

BURMESE CLASSIC .com



# အပိုင်း(၁)

## ပိုင်သူ

သူသည် ကျောင်းကို ပြောင်းလာသည်မှာ နှစ်ပတ်ပဲ ရှိသေးသည်။ လူရွေးသူမို့ အပေါင်းအသင်း မရသေး။ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့် ကွန်ကရိလမ်းပေါ် ရပ်စကားပြောနေသော ကျောင်းသူတစ်စုက သူ့ကို လှမ်းရှိုးရင်း သူ အနီးကအဖြတ်. . .

"သူလမ်းလျှောက်တာက မတ်တတ်ကလေးနော်"

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း"

"ရေခဲတုံးကြီး. . . ရေခဲတုံးကြီး"

"သွားမနောက်ပါနဲ့ ဝလုံးရယ်. . . ဝါတော်ငါးဆယ်ကြီးဘဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ချောတယ်နော်. . . လမ်းပေါ် တရော်ရေတွေ ဖိတ်ကျထားလို့"

သူ မသိဟန်ဆောင်၍ ကျောင်းပေါ် တက်ခဲ့သည်။

ကော်ရစ်ဒါတလျှောက် လျှောက်လာရင်း Class ကို လှမ်းကြည့်လိုက်တော့. . .

ထုံးစံအတိုင်း နိုရာကျော် ရှိနေသော ပြတင်းဝရှေ့တွင် ကျောင်းသားတစ်စု။ (သူမနာမည်ကို မနေ့ကမှ သိခြင်းဖြစ်၏) ထုံးစံအတိုင်းပင် နောက်ပြောင်ရင်း ဖိုသံပေးနေကြသည်။

ကျောင်းသားများနှင့် သူမ ပြတင်းဝကအဖြတ် သူမ ဖျတ်ကနဲ သူ့ကို လှမ်းကြည့်သည်။ သူကလည်း ကြည့်လိုက်မိပေသကိုး။ အင်း. . . တော်တော်ဆွဲအားပြင်းတဲ့ ညို့မျက်ဝန်းတွေပဲ။ မခုန်စဖူး ခုန်သွားသော ရင်ဘတ်နှင့်ပင် သူ့ခုံသူ ဝင်ထိုင်လိုက်သည်။





နေ့ခင်းထမင်းစားကျောင်းဆင်းသောအခါ သူ့ခုံတွင်ပင် အိမ်က ပြင်ပေးလိုက်သော Lunch Box ကို ဖွင့်နေစဉ် ခင်မင်ဖွယ် အပြုံးလေးနှင့် သုံးဆင့်ချိုင့်လေး ခုံပေါ် လာချရင်း. . .

"အတူတူစားမယ် သူငယ်ချင်း၊ ငါ့နာမည်က မင်းနိုင်တဲ့"

"ထိုင်လေကွာ. . . ငါ့နာမည် ပိုင်သူ၊ ငါက ငါးသေတ္တာဟင်း"

"နေဦး. . . ငါကတော့ ဖွင့်ကြည့်ရဦးမယ်၊ ဟား. . . ဝက်သားနဲ့ ပဲပင်ပေါက် ပဲပြား၊ ထည့်စား သူငယ်ချင်း"

ထမင်းစားနေကြစဉ် နိုရာကျော်ထံ ငါးဆင့်ချိုင့် လာပို့သော ဝတုတ်တုတ် ဗိုက်ခပ်ပူပူ ချာတိတ်တစ်ယောက်နှင့် ထမင်းအတူစားရင်း ထမင်းပါ ခွံကျွေးနေရသော နိုရာကျော်က သူ့ကို တစ်ချက်ဝေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးပြလိုက်ရကောင်းမလားဟု တွေးလိုက်သေးသည်။ ပြန်ပြုံးမပြဘဲ မျက်စောင်းထိုးလိုက်ပါက ဘယ်တော့မှ ခင်မင်ခွင့်ရတော့မည် မဟုတ်သည့်အပြင် မျက်နှာပြောင်သည်ဟု ထင်သွားမှဖြင့်ဟု တွေးရင်း ထမင်းချိုင့်ထဲ အာရုံပြန်ထည့်ရ၏။

"မင်းက ဘာဖြစ်လို့ ဘယ်သူနဲ့မှ မပေါင်းတာလဲ"

"စရိုက်တူ အကြိုက်တူမှ ပေါင်းလို့ ကောင်းတာကွ၊ ငါက လူရွေးပေါင်းချင်လို့"

"အေး. . . ဟုတ်တယ်"

"ငါ့ဖေဖေက ပြောဖူးတယ်ကွ၊ မင်းဘယ်သူလဲဆိုတာ မပြောနဲ့ဦးတဲ့၊ မင်း ဘယ်လိုကောင်တွေနဲ့ ပေါင်းသလဲသာပြော၊ မင်းအကြောင်း ငါပြောပြမယ်တဲ့"

"ဟာ. . . တယ်မိုက်တဲ့စကားပါလား၊ ငါလည်း မှတ်ထားဦးမှ၊ အေးကွာ. . . မင်းက ဆုံးမ,မယ့်ဖေဖေ ရှိတာ ကံကောင်းတာပေါ့၊ ငါက တော့ ဖေဖေမရှိတော့ဘူး၊ ငါငယ်ငယ်လေးကတည်းက သေသွားတာတဲ့"

မင်းနိုင်ကို သူခင်သွားလေသည်။

စားသောက်ပြီးသောအခါ. . .

"ဘောလုံးကွင်းနားက ညောင်ပင်ကြီးအောက် သွားထိုင်ရအောင်ကွာ"

"သွားလေ"





နှစ်ယောက်သား ကျောင်းခန်းထဲကအထွက် နိုရာမောင် (၁၂ နှစ်ခန့်)က လှမ်းကြည့်သည်။ သနားစဖွယ် (ဂေါက်ရောဂါ) ဦးနှောက် ကျပ်မပြည့်သော ဝေဒနာရှင်မှန်း သိသာသည်။

"မောင်လေး. . . စားပြီးမှ ဆော့ကွာ၊ စားဦး. . ရော့. . ဟ"

လက်ထဲက တင်းနစ်ဘောလုံးလေးကို ပုတ်ကစားခြင်းကိုပင် သူ့တွင် မဟာ့မဟာ ပျော်စရာ ထင်နေပုံပင်။

ညောင်ပင်အောက်ရှိ မြစ်ဖျဉ်းပေါ်တွင် အိန္ဒိယလူမျိုး အတွဲ တစ်တွဲ တွတ်ထိုးရင်း ချာပါတီ စားနေကြသည်။

မနီးမဝေး မြစ်ဖျဉ်းပေါ်တွင် နှစ်ယောက်သား ရောက်တတ် ရာရာ စကားများ ပြောနေစဉ်. . .

"ဟေ့ကောင် မင်းနိုင်. . . မင်းက ဘော်ဒါအသစ်နဲ့ပါလားကွ၊ ငါ့လည်း မိတ်ဆက်ပေးဦးလေကွာ"

"အဲ့ဒီကောင် ငလောင်. . လူပျော်"

ဟု တိုးတိုးကပ်ပြောသည်။

"အေး. . . သူ့နာမည်က ပိုင်သူတဲ့၊ တို့ အခန်းကပဲ၊ ဒီကောင်ကတော့ လူ့ရွှင်တော် ဥက္ကာ"

ဥက္ကာဆိုသူက ဆပ်ကပ်လူရွှင်တော်တွေ ပရိသတ်ကို ဦး ညွှတ်သလိုမျိုး ဘယ်ညာနှစ်ခါလုပ်ပြီးမှ လက်ဆွဲနှုတ်ဆက်သည်။ ပြည့်ပြည့်ပြုံးပြသည်။ ဘော်ဒါနောက်တစ်ယောက် တိုးခြင်းပါပင်။

"ဥက္ကာဆိုတဲ့ကျွန်ုပ်ကို ချစ်စနိုး ခေါ်ကြတဲ့ ပျိုတိုင်းကြိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်လည်း ရှိသေးတယ် အချင်းတို့"

"ဘာလဲကွ. . . လုပ်ပါဦး"

"ငပေါလေးတဲ့. . . ငှင်း. . ငှင်း"

"ဒီနာမည်ကြီးများကွာ"

"အောင်မာ. . . မန္တလေး F.M ရေဒီယိုမှာ သျှီရဲ့ Heart to Heart စီးရီးကို မင်းတို့ နားမထောင်ဘူးလား"

"မင်းပေါတာနဲ့ အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ ဉက္ကာရ"

"သိပ်ဆိုင်တာပေါ့. . . သျှီဟတ်တဲ့. . အရိုး၊ အဲ. . . အပြည့်အစုံ ပြောမှ လျော်ကန်သင့်မြတ်မယ့်စကား၊ ငါ့စကားက သျှီအရိုးဟပ်သလို ဖြစ်နေတယ်၊ သျှီ Heart to Heart ဖို့ ဖိတ်ကြားခံရသူက အဆိုတော် တေးရေးအရိုး"

"ရှည်လိုက်တဲ့လျှာကွာ. . . တိရစ္ဆာန် မိချောင်းမျိုး ကျနေတာပဲ၊ ပေါတဲ့ဆီ မရောက်ဘူး"

မင်းနိုင်၏စကားကို သူက ဝင်ထောက်၏။

"အဲ့ဒီစကား မှားတယ်ကွ၊ မိချောင်းမှာ လျှာမရှိဘူး"

"ဟ. . . ငါ့မိတ်ဆွေအသစ်က သုတစွယ်စုံလား သူ့ထမီလားပဲ၊ ပေါင်ထိုက်တယ်. . အဲ. . ပေါင်းထိုက်တယ်၊ နေပါဦးကွာ. . . ပေါဇာတ်တောင် ဘယ်ရောက်သွားလဲ၊ အဲ. . . အဆိုတော်အရိုးကို သျှီက အကြိုက်ဆုံးသီချင်း ရွေးခိုင်းတယ်၊ ဘာရွေးတယ်ထင်လဲ. . . ကိုပေါတဲ့"





"အဲ့ဒါနဲ့ မင်းပေါတာနဲ့ ဘာဆိုင်လို့လဲ"

"လာမယ်လေကွာ. . . သျှီက မေးတယ်၊ အရိုးဟာ ကိုယ့်ကိုယ်ကို ဘယ်လိုမြင်သလဲတဲ့၊ တန်းဖြေတာ ကိုယ့်လူ. . . 'ငပေါ' တဲ့၊ သျှီက ရိုလိုက်တာလေ. . . ဘာလို့လဲတဲ့၊ ငပေါသုံးမျိုးရှိတယ် အစ်မတဲ့၊ ငပေါကြီး၊ ငပေါ၊ ငပေါလေးတဲ့၊ သူက အလယ်က ငပေါတဲ့၊ စဉ်းစားကြည့်. . . လူတစ်ယောက်ကို လက်ညှိုးထိုးပြီး ငပေါကြီးလို့ ပြောရင် အဲ့သမှာ ကွိုင်ပြီ၊ ဘယ်သူမှ မကြိုက်ဘူး၊ မယုံရင် လုပ်ကြည့်တဲ့၊ ဒါပေမယ့် နောက်ဆုံးက ငပေါလေးကျတော့ ချစ်စရာလေး ဖြစ်နေပြန်ရော၊ အခေါ်ခံရတဲ့သူ ပျော်သွားတတ်တယ်၊ 'ဟယ်. . . ငပေါလေး' ဆိုတာ ချစ်လို့ ခေါ်တာတဲ့၊ ဟုတ်ကဲ့. . . ကျွန်ုပ်၏ဘွဲ့မည် 'ငပေါလေး' ပါခင်ဗျာ"

"ဒီလိုဆိုတော့လည်း ဟုတ်သား"

"ဘုတ်. . ဘုတ်. . "

ဉက္ကာ ခေါ် ငပေါလေးကျောကို နောက်က လာပုတ်သံ ဖြစ်၏။

"ဘာလဲကွ"

"သားဘောလုံး ဒီဘက် လိမ့်လာတယ်. . . ပြန်ပေး"

"ဟာ. . . ကွိုင်ပဲ"

"ကွိုင်မဟုတ်ဘူး. . . သားဘောလုံး၊ ပြန်မပေးရင် ထိုင်ချပြီး နိုလိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ဟိုဒီလိုက်ရှာကြည့်သည်။ မရှိ။ မတွေ့။ ငပေါလေးက ချာပါတီစုံတွဲကို လှမ်းကြည့်၍ လက်ညှိုးထိုးပြရင်း. . .

"အဲ့ဒီနှစ်ယောက် ကောက်ထားတာကွ"

"ဟတ်လား"

"ဟတ်တယ်"

ချာတိတ်က သူ၏ဝဖိုင့်ဖိုင့် အတ္တဘောကို ချာခနဲ ဆွဲလှည့်သည်။ ဝမ်းသာအားရ ချီတက်သည်။

"ညီလေး. . ညီလေး. . ဟေ့. . ညီလေး. . ပြန်လာဦး"

ချာတိတ်က အူတူတူနှင့် ပြန်လှည့်လာသည်။

"မင်း သူတို့ဆီမှာ ဒီအတိုင်း သွားတောင်းလို့တော့ ပြန်ပေးမှာ မှုတ်ဘူး၊ ငါသင်ပေးမယ်"

ငပေါလေးက ချာတိတ့်နား,နား ကပ်၍ တိုးတိုး,တိုးတိုးနှင့် ဘာပြောနေသည်မသိ၊ ချာတိတ်က ပြုံး၍ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ပြီးမှ ခန္ဓာဝဖိုင့်ကြီးကို ယိမ်းထိုး၍ ချဉ်းကပ်နေသည်။

"ဟေ့ကောင် ဥက္ကာ၊ မင်းကြပ်ပေးလိုက်တာ မဟုတ်လား. . သနားပါတယ်ကွာ"

"ငါ့ယောက်ဖ ငါချစ်လို့ ကျိစားတာပါ၊ ကြည့်နေ. . ကြည့်နေ"

သူကတော့ နှုတ်ဆိတ်ပြီး အသာကြည့်နေလိုက်သည်။ ချာတိတ်က ကောင်မလေးကျောကို ပုတ်ပြီး. . .





"ဘုတ်. ."

"သားဘောလုံး ပြန်ပေးပါ၊ ဝက်အူချောင်းနဲ့ လဲပ့ါမယ်"

ကုလားလေးက လှည့်၍. . .

"ဘာကွ. ."

ကောင်မလေးရှေ့မှာမို့ ကုလားလေး အတော်ရှက်သွားသည်။ မျက်နှာကြီး နဂိုထက် ပိုမည်းတက်လာသည်။

သူ့ကောင်မလေးကျော ကိုင်ခံထားရတာလည်း ပါသည်။ မင်းနိုင်၊ ငပေါလေးနှင့် အနီးအနားက ဝါးခနဲ ပွဲကျသံလည်း ပါသည်။

"ပြန်ပေးဗျာ. . . အနော် ဝက်အူချောင်း အများကြီးပေးမယ်"

"ဟေ့ကောင်. . မင်း. . မင်း နောက်စရာရှားလို့လား"

"ဘာလဲဗျ. . . ငါ့ဘောလုံးနဲ့ဝက်အူချောင်းနဲ့ လာလဲနေတာ"

"ဟေ့ကောင်လေးနော်"

ပုံမှန်အတွေးရှိသူ မဟုတ်၍ သူပြောချင်တာသာ ပြောနေသည်။

"ဝက်အူချောင်း"

"လာပြန်ပြီ ဝက်အူချောင်း"

"ဗျောင်း. ."

"ဟာ. ."

ချာတိတ်မျက်နှာ လည်ထွက်ပြီး အင့်ခနဲ ဖင်ထိုင်ပစ်ကျသွားသည်။ ဒါတောင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘောလုံး"

"တောက်. . . ကဲကွာ"

ဟိုကောင်က ဗိုက်ကို ပြေးကန်သည်။ ကြောင်ကြည့်နေသော သူ မနေနိုင်တော့။ အပြေးချဉ်းကပ်၍. . .

"ဟေ့ကောင်. . . တော်ပြီ၊ ဒီကလေးက Normal မဟုတ်ဘူး ကွ၊ မင်းမြင်မပေါက်ဘူးလား"

"မင်းယောက်ဖမို့လို့လား"

ဟိုကောင်က ဒေါသမီး ဆက်လောင်နေပြီထင်သည်။

သူ၏ပခုံး ကို ဘယ်လက်နှင့် ဖောင့်ခနဲ တွန်း၍. . .

"အခုန ဝိုင်းဟားတာ မင်းတို့ မဟုတ်လား"

"ဟုတ်တယ်လေ. . . ရော့ကွာ"

"ခွပ်. ."

ပြောပြောဆိုဆိုပင် ပွင့်နေသောညာမေးကြောကို အားပါသော ညာဝိုက်လက်သီး ပစ်သွင်းလိုက်သည်။

ဟာခနဲ ဆူညံသွားသည်။

ချာပါတီ လည်ထွက်၍ သစ်ပျဉ်းနှင့် နောက်ဆုတ် ခလုတ် တိုက်ပြီး ပုဆိုးအောက်စပါ လန်ထွက်သွားသည်။ ဟားခနဲ အသံ ဟီခနဲ အသံတွေကြားက ပြန်ထရင်း ချာပါတီ လုံချည်ပြင်ဝတ်ပြီး ဘာတစ်ပြန် ကျားတစ်ပြန် တွယ်ကြတော့သည်။

ချာပါတီက သူ့ထက် အကောင်ထွားသဖြင့် သူလည်း နှာခေါင်း





သွေးထွက်နေပြီ။ ငပေါလေးနှင့်မင်းနိုင်က လက်သီးတပြုင်ပြုင်နှင့် တစ်ချက်တစ်ချက် ဝင်တွယ်သည်။ မထိတာ များသည်။

ဆရာတစ်ယောက် လာခွဲမှ ပွဲက ပြီးသွားသည်။

ကျောင်းသားမဟုတ်သော ချာပါတီစုံတွဲကို ဆရာက ရပ်ကွက် ရုံး ခေါ်သွားသည်။

နှုတ်ခမ်းဖူးရုံဖူးသော သူ့မောင်ကို နိုရာကျော်က လက်ကိုင်ပုဝါ ရေခဲကြပ်ထုပ် ထိုးပေးရင်း. . .

"တို့မောင်လေးကို ကူညီတဲ့အတွက် အရမ်းကျေးဇူးတင်ပါ တယ်ဟာ၊ ရော့. . . တစ်သျှူး၊ မျက်နှာက သွေးတွေ သုတ်လိုက်ဦး၊ ပြီးမှ ရေခဲကပ်ပေးမယ်"

အင်း. . . အနီးကပ်ကြည့်လေ ပိုလှလေပါလား၊ စာရေးဆရာ တွေ ဖွဲ့ဆိုလေ့ရှိတဲ့ သီးကင်းအလှတို့ ရွှေရင်သိမ်းသစ် ပျိုမျစ်နုနယ်တို့ ဆိုတာ ဒါပဲထင်ရဲ့။

ညောင်ပင်အောက်၌ သူတို့သုံးယောက်သာ ကျန်ခဲ့ခြင်း ဖြစ် သည်။ ဆရာက စိတ်လိုက်မာန်ပါ ကိုယ်ထိလက်ရောက် နောက်တစ်ခါ မလုပ်ဖို့ သူ့ကို ဆုံးမပြီး နေ့ဝက်ပြန်ခွင့်ပြုလိုက်ပြီဖြစ်သည်။

နိုရာကျော်တို့မိဘများက ရပ်ကွက်မျက်နှာဖုံးတွေဖြစ်သည်။ ကျောင်းဆောင်သစ်တွင် ရုပ်ငွေ အများဆုံး ထည့်ဝင်ထားသည်။ ထို့ကြောင့် မူလတန်းကတည်းက ကျောင်းသားမဟုတ်သော နိုရာ့မောင် ချာလီကျော်ကို ကျောင်းထဲ ဝင်ခွင့်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ချာလီကျော်က ငယ်စဉ်ကတည်းက သူ့အစ်မ နီုရာကျော် ထမင်းခွံ့ကျွေးမှ စားသည်တဲ့။ သူငယ်ချင်းတွေက လွယ်အိတ်ထမင်းချိုင့်တွေ လာပို့ပြီး နောက်ပြောင်ကျီစယ်၍ ဝင်သွားကြပြီးပြီ။ သည်ညောင်ပင်က ကျောင်းဝန်းခြံစည်းအပြင်ဘက် ရပ်ကွက်ဘောလုံးကွင်းအနီးတွင် ရှိသည်မို့ အရိပ်အာဝါသ ကြီးမားအေးမြလှသည်။

နေ့ခင်းပေမယ့် ဆောင်းလေနော့အေးက ယဉ်ယဉ်လေး မြူးနေသည်။ သူမတို့အကြောင်း တစေ့တစောင်း ပြောပြနေသည့် ပြုံးတုံ့တုံ့ ခပ်ပုံ့ပုံ့လေးအလှကို သူ တဝ,ငေးနေမိသည်။ လေအဝေ့တွင် သူမ ကိုယ်သင်းနံ့လေးက မွှေးနေသည်။

သူ့မျက်နှာဒဏ်ရာတွေက စပ်ဖျဉ်းဖျဉ်းနှင့် ချာပါတီ၏ လက်သီးချက်တွေကလည်း အတော်ပြင်းပါသည်။ တစ်မျက်နှာလုံး နာကျင်ကိုက်ခဲနေသည်။ အတော့်ကို အီစလံဝေနေသည့်အပြင် သူ့ကိုယ်သူ ငုံ့ကြည့်လိုက်တော့လည်း ဖုံအလူးလူး သဲအလိမ်းလိမ်း။ သတ်ပုတ်ဖက်လုံးထားသဖြင့် ချွေးစော် သွေးစော်တွေကလည်း နံစော်လို့။

(ဆရာသော်တာဆွေစကားကို ငှားပြောရသော်)

အားလုံးဝိုင်းဂေါ်နေသည့် နတ်မိမယ်အလှပဂေး၏ မွှေးလှိုင်နေသော ကိုယ်သင်းနံ့ကို ရှူရှိုက်ရင်း နှစ်ဆယ့်လေးလက်မအကွာမှ တဝထိုင်ငေးခွင့်ရလိမ့်မည်ဟု အိပ်မက်ပင် ရေးရေးမမက်ခဲ့မိ။

အရိပ်အာဝါသနှင့် ခင်းကျင်းထားသော အခြေအနေကလည်း တိတ်ဆိတ်အေးမြလို့။ ဩော်. . . အိပ်မက်များလား၊ သည်လောက်





နာကျင်နေသည့်ကြားက သူ့ပေါင်ကိုသူ ဆိတ်ကြည့်မိသည်။ ချာပါတီ ပိတ်ကန်ထားသည့်နေရာမို့. . .

"အား. . ."

"ဟင်. . . ဘာဖြစ်တာလဲ"

သူမ မောင်လေးနှင့် အလုပ်ရှုပ်ရင်း လှည့်ကြည့်သည်။

"ဘာမှမဟုတ်ဘူး. . ဘာမှမဟုတ်ဘူး. . ခါချဉ်. . ခါချဉ်"

သာသာယာယာ ဖြစ်နေသော အခြေအနေ နောက်တစ်ခု ကျန်ပါသေးသည်။ သူ သည်အသက်အရွယ်ထိ မည်သူတစ်ဦးတစ်ယောက်၏ကျေးဇူးရှင်မှ မဖြစ်ခဲ့ဖူးပါ။ တစ်စုံတစ်ယောက်၏ကျေးဇူးရှင် ဖြစ်လာလိမ့်မည်ဟုလည်း ဘယ်သောအခါကမျှ မထင်ဖူးပါ။

ယခု သူ ကျေးဇူးရှင်ဖြစ်ခဲ့ပါပြီ။ ဖြစ်ဖြစ်ဖြစ်ဖြစ်နှင့် မြည်အောင်ပင် ဖြစ်ချင်တော့ နတ်မိမယ်၊ အိန္ဒြယ်လေး၏ကျေးဇူးရှင်မှ ဝေကံအမှန် လာဖြစ်နေသည်လေ။

"ကဲ. . . မောင်လေး ပြီးပြီ"

"သားသား ဘောလုံးလိုက်ရှာဦးမယ် မမ"

"အေး. . အေး. . အဝေးကြီး မသွားနဲ့နော်၊ မတွေ့ရင် မမ အသစ်တစ်လုံး ဝယ်ပေးမယ်"

"ဟုတ်. ."

ဟာ. . ဟ. . နှစ်ယောက်တည်း၊ သူမက ရေခဲတုံးအသစ်တွေ ထပ်ထည့်၍ လက်ကိုင်ပုဝါကို စုထုပ်သည်။ ဒူးကလေး တုတ်၍ အနား



www.burmeseclassic.com

www.burmeseclassic.com



တိုးလာသည်။ သူက တင်ပျဉ်ခွေ ထိုင်ရင်း ဒူးတွေပေါ် လက်ထောက်ထားသည်။

"သိပ်ကျေးဇူးတင်လို့ လုပ်ပေးတာနော်. . မော့. . "

အင်မတန် သန့်ရှင်းချောမွတ်လှပသော မျက်နှာလေး ဆယ့်လေးလက်မအကွာသို့ အုပ်မိုးရောက်ရှိလာသည်။ ပို၍မွေးခနဲ အေးခနဲ မျက်နှာပေါ်က ဖြစ်သွားသော်လည်း ဘယ့်နှယ့်ကြောင့် နှလုံးသည်းပွတ်၏အနက်ရှိုင်းဆုံးတစ်နေရာက နွေးခနဲ ဖြစ်သွားရတာတဲ့တုန်း။

သူမ၏ညိုမောင်းမောင်းဆံပင်တွေက နောက်လှန်ဖြီး၍ စုစည်းထားသည်။ မကျဉ်းမကျယ် အလယ်အလတ် နဖူးပြင်လေးက ဖွေးနုညက်ပြေနေသည်။ သည်နဖူးလှလှပေါ် ဆံယဉ်နုနု ပုစိညှောက်တောက်လေးတွေက ခွေရစ်ကျနေကြသည်။ ဘာမှလည်း မသုံးဘဲ မည်းနက်နေသောမျက်ခုံးက ကွေးသင့်သည်လောက်သာ ကွေးညွတ်နေသည်။

ဘိုစပ်သည် ထင်သည်။ ညိုလဲ့နေသော အလှပဆုံး မျက်လုံးတွေထဲ သူ့ပုံရိပ်ဝင်နေသည်ကို အနီးကပ်မို့ အတိုင်းသား မြင်နေရသည်။ ဘယ်သကောင့်သား အဲ့သလို ဝင်ဖူးသလဲဟော့လို့ လက်ပမ်းပေါင်း ထခတ်လိုက်ချင်သည်။

ပြီးတော့ မျက်ခုံးနှစ်ခုကြား နဖူးခြေရင်းက ဆင်းလာသော နှာတံလေးက စင်းလို့၊ နှာသီးထိပ်ဖျားလေးကို လက်ညှိုးနှင့် တို့ထိချင်လာသည်။





နှာခေါင်းခြေရင်းကနေ ညီညာသော အသားမြောင်းတိုလေး ခွက်ဆင်းလာပုံက မယုံနိုင်စရာပင်။ ပြီးတော့မှ လေးကိုင်းသဏ္ဌာန် ပြည့်ပြည့်ဖောင်းဖောင်းတွေနှင့် အိ၍ အစ်နေသော အပေါ်နှုတ်. . . နှုတ်. . .

"မျက်လုံးပိတ်ထား"

"မျက်လုံးမှာမှ ဒဏ်ရာမရှိတာ၊ ကြပ်ထုပ်ထိုးမလို့လားဟင်"

"မဟုတ်ဘူး. . . ဘာမှန်းမသိဘူး၊ လူကို ကြည့်နေလိုက်တာခေါ်တော့မျက်လုံးနဲ့"

"ပန်ချာပီပါ"

"ဘာပြောတယ်"

"ဩော်. . . အခုန တို့နဲ့ ရန်ဖြစ်တာ ပန်ချာပီ ထင်တယ်လို့"

ကြည့်ချိန် ပိုရအောင် သူ တမင်လုပ်နေကြောင်း သူမ ရိပ်မိပုံပေါ်သည်။

"ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ မိုက်ဆိုမိုက်၊ စေတနာပျက်အောင်မလုပ်နဲ့"

"စေတနာတဲ့. . . မိုက်တယ်နော်"

"ရိုးရိုးစေတနာကို ပြောတာ၊ တို့က ဆရာဝန်အမှတ် မမီရင် သူနာပြု ဝင်လုပ်မှာ၊ အဲ့လောက် ခရေဇီဖြစ်တာ"

"နိုက်တင်ဂေးလ်တို့ နော်မန်ပက်သွန်းတို့လိုပေါ့၊ ထူးဆန်းတာကလေ. . . ကမ္ဘာကျော်မိခင်ကြီး သူနာပြုဆရာမကြီး မာသာထရီဇာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်(စ်)ပိုးမွှားတွေ ရှိတယ်ဆိုတာကို လုံးဝ မယုံကြည်ဘူး၊ လက်လည်း လက်မခံဘူးတဲ့"

"ဒါမှ သူ စိတ်ရှိလက်ရှိ ပယ်ပယ်နယ်နယ် လူနာတွေကို ကိုင်တွယ်ပြုစုနိုင်မယ်လေ၊ မင်းက မဆိုးဘူး၊ ဗဟုသုတတော့ ရှိသားပဲ"

"ဟဲ. . ဟဲ. . ဟဲ"

"ဟယ်. . . သူက ခပ်တည်တည် ခပ်အေးအေးလို့ ထင်ထားတာ၊ ပြောင်စပ်စပ်လည်း လုပ်တတ်တယ်"

"ကိုယ့်နယ် မဟုတ်သေးလို့ပါ၊ ကိုယ်က သူများတွေကို ဒုက္ခမပေးဘဲ ပျော်ပျော်နေချင်တာ၊ လူ့ဘဝဆိုတာကလည်း နေ့တိုင်း ပျော်ရွှင်ကျေနပ်စွာ နေတတ်မှ ကျေနပ်စရာကောင်းတယ်တဲ့၊ လူဖြစ်ကျိုးနပ်တယ်တဲ့၊ တို့ဖေဖေ ပြောတာပါ. . . ဟုတ်လားဟင်"

"သိပ်မှန်တာပေါ့. . . ဒါနဲ့ တို့ဝါသနာ ပြောပြီးပြီ၊ မင်းဝါသနာနဲ့ မင်းရည်ရွယ်ချက်ကရော. . . "

"တို့က အဆောက်အဦး အင်ဂျင်နီယာ၊ လူတွေရဲ့နေစရာ အဆောက်အအုံ အသိုက်အမြုံတွေ ဆောက်ပေးမယ်၊ ကိုယ့်လက်ရာတွေဟာ နှစ်ပေါင်းရာချီ မားမားမတ်မတ် ကျန်ခဲ့မယ်လေ"

သူမ ရေခဲထုပ်ကို ရုတ်တရက် ခွာ၍ အထိတ်တလန့် ပြူးကြည့်ရင်း. . .

"ကြည့်စမ်း. . . ကြည့်စမ်း၊ မင်းလူလည်ကျတာကို ငါခံနေရတာပါလား၊ မျက်လုံးမှိတ်ခိုင်းတဲ့ကိစ္စကို မမှိတ်ဖြစ်အောင် စကားတွေ





လျှောက်ပြောနေတယ်၊ တော်ပြီ. . . စေတနာပျက်သွားပြီ"

"ဟင်း. . ဟင်း. . ဟင်း. . မင်းစေတနာရှိလို့ မင်းမောင်လေးကို အိမ်မှာ ပြန်ပြုစုရမယ့်အစား တို့ကိုပါ ပြုစုနေတာလေ၊ တကယ်ဆို မင်း အိမ်ချက်ချင်းပြန်ပြီး မင်းမောင်လေးဒဏ်ရာကို ဒီထက်ကောင်းတဲ့ First Aid နည်းနဲ့ ကုသသင့်တာပေါ့"

"မိုးမီးလောင်သွားမှာပေါ့. . . ဒယ်ဒီက ရှင်းပြရင် လက်ခံဦးမယ်၊ မာမီက သူ့သားကို လက်ညှိုးနဲ့ ရွယ်တာတောင် ဆံပင်ဆွဲပြီး ပါးရိုက်ပစ်မှာ၊ ဒဏ်ရာရလို့ကတော့. . . ဟင်း၊

ဒီမှာ အချိန်ဖြုန်းနေတာက မောင်လေးဒဏ်ရာ အရောင်ကျသွားအောင် စောင့်ရင်း မင်းကို စပ်စုနေတာ"

"ဟာကွာ. . . သေရော၊ စိတ်ကူးယဉ်နေသမျှ ပျက်ကရော"

ထိုစဉ်. . .

"မမ. . မမ. . သားသားဘောလုံး ပြန်ရပြီ၊ ဟောဒီမှာ. . . ဟားဟားဟား"

ဒဏ်ရာလည်း ကျနေသော ဖြူစင်သည့် အပြစ်မဲ့ မျက်နှာလေးကို သူလည်း ချစ်သွားသည်။

စိတ်ထဲက မင်းကြောင့် ဒီအခြေထိ အစ်ကို ခရီးရောက်တာ၊ ကျေးဇူးရှင် မိုးနတ်မင်းလေးဟု တွေးရင်း ပြန်လာကြသည်။ သုံးယောက်သား လမ်းလျှောက်နေစဉ်. . .

"ကိုကို. . သားကျောပေါ်တက်၊ သား ကုန်းပိုးမယ်၊ ကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



လူနာလေ"

"အာ. . . နေပါစေကွာ၊ မင်းခါးနာသွားမှာပေါ့"

"မနာပါဘူး. . တက်"

ကျောကို နောက်ပြန်ပုတ်ပြပြီး ခါးကုန်းပေးနေသည်။ လူအများကြားထဲမှာ ကိုယ့်ထက် ငယ်ပြီး ကျပ်မပြည့်တဲ့ရောဂါရှင်ကို ဘယ်လိုမျက်နှာနှင့် ကျောပိုးတက်စီးရမည်နည်း။ ခက်ပြီ။

နီရာကျော်ဘက် စစ်ကူတောင်းကြည့် ကြည့်လိုက်မိသည်။

"စီးလိုက်ပါ. . . အားမနာနဲ့ ပေး. . . မင်းလွယ်အိတ်၊ စီးပါ သူက မင်းထက် ပေါင်နှစ်ဆယ်ကျော် သန်တယ်၊ သူ့ခင်မင်မှုကို အသိအမှတ်ပြုပေးလိုက်ပါကွာ၊ လူတကာကို ကျောပေါ်တင်တာ မဟုတ်ဘူး"

"ဟူး. . "

စစ်ကူတောင်းမှပဲ ပိုဆိုးလာပါတော့သည်။ သူမမောင်ကို သူမတို့ အလိုလိုက်နေကျမို့ ကိုယ်က ဘာမဟုတ်တာလေးကို မကူညီရာ အလိုမလိုက်ရာကျနေမည်။ ရှေ့မျက်နှာ နောက်စေ့ကပ်ပြီး ချာတိတ် ကျောပေါ် တက်လိုက်သည်။ မျက်နှာကတော့ ထူပိန်းပိန်း ဖြစ်လာ၏။

"မနာဘူး. . ဟဲဟဲ. . ပြေးတောင်ပြေးနိုင်သေးတယ် ယုံလား"

"ယုံပါတယ်ကွာ. . . မပြေးပါနဲ့"

ဖြတ်သွားသော ကောင်မလေးနှစ်ယောက်က သူတို့ကို ကြည့်၍. . .





"ဂေါက်ရဲလိုက်ကြတာ"

"ကိုရီးယားရောဂါလေ"

သူတို့မောင်နှမ စိတ်ချမ်းသာရင် ပြီးတာပဲဟု သဘောထားလိုက်သည်။ ကားကားယားယားနှင့် မြင်သူတွေ ဟားကြပေတော့မည်။

သူမတို့ နေသည်က သူနှင့် တစ်လမ်းကျော်တွင်ဖြစ်သည်။ ကျောင်းအပြန်လမ်းသည် သူတို့အိမ်ကို ဝင်ပို့ပြီးမှ သူ အိမ်ပြန်လမ်းသင့်သည်။

"တို့ ကျောင်းသွားကျောင်းပြန် နက်ဖြန်ကစပြီး အတူတူနော်၊ တို့ကို ဝင်ခေါ်၊ အိမ်ကို ဝင်မခေါ်ရဲရင်လည်း အိမ်ရှေ့က ဖြတ်ပြီး လမ်းထိပ်ကစောင့်၊ ငါးမိနစ်အတွင်း တို့ထွက်ခဲ့မယ်"

"ကောင်းပါပြီ ကျောင်းအစ်မကြီးခင်ဗျား"

သူကတော့ ထပ်မံရရှိသည့် မိုးနတ်မင်း ပေးသော ဆုလာဘ်တစ်ပါးဟု ယူဆလိုက်ပါသည်။

"တော်ပြီဗျာ. . . ဆင်းတော့"

"အင့်. . "

ရုတ်တရက် ပစ်ချလိုက်သဖြင့် သူ ဖင်ထိုင်လျက်သားကြီးကို ဖြတ်ကျတော့သည်။

"အား. . . လား"

"မောင်လေးကလည်း. . . ဖြည်းဖြည်းလုပ်မှပေါ့"

"ကိစ္စမရှိပါဘူး. . . အခြေအနေမှန် ပုံမှန်ပြန်ဖြစ်တာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တို့က ဝမ်းသာရသေးတာ"

ထိုစဉ် ချာလီကျော်က ဖုန်ခါနေသော သူ့ဖင်နောက် ရောက်လာကာ. . .

"ကိစ္စမရှိပါဘူး. . . ဟုတ်လား၊ ဒါဆို နာ့အလှည့်၊ နာ စီးအလှည့်. . ကုန်းပေး"

"ဟမ်. . ဟမ်မလေးလေး. . အဲ့ဒီဝိတ်ကြီးကို"

"ရဘူး. . ရဝူး. . နာစီးအလှည့်"

နိုရာ့ကို စစ်ကူတောင်းကြည့် ကြည့်မိပြန်သည်။

ပိုဆိုးပြန်သည်။

"မင်းလည်း တောင့်တင်းသန်မာပုံရပါတယ်၊ သူက ဝသာဝတာ. . . ပေါ့ပေါ့လေး၊ တို့တောင် ကုန်းပိုးနိုင်တယ်"

သေဟ. . . စစ်ကူတောင်းခါမှ လက်နက်ကြီးနှင့် လှမ်းထုလိုက်ပုံများ ကားခနဲကို ဖြစ်တာ။

မတတ်နိုင်။ ဝက်ဖြစ်နေမှတော့ ထမင်းရည်အသိုး ကြောက်နေ၍မဖြစ်။ ကုန်းပေးလိုက်ရသည်။

"အင့်. ."

"ဂျွတ်. ."

ခါးရိုးက အော်မြည်သံ ကိုယ့်ဟာကိုယ် ကြားလိုက်သလိုလိုရှိသည်။ ကီသွင်း၍ မာန်ထည့်ရင်း လှမ်းကြည့်သည်။ ရတော့ ရပါသည်။ သူမတောင် ပိုးနိုင်သေးတာပဲ. . အီး. . ဓါတ်တိုင်နှစ်တိုင်လောက်





ရောက်တော့ ချွေးပြိုက်ပြိုက်ကျလာသည်။

ပုဂ္ဂိုလ်လေးက ပါးစပ်က တစ်ကလုပ် တစ်ကလုပ် အော်ပြီးမြင်းစီးသလို စီးလာသည်။ ခြေထောက်ကလည်း အငြိမ်မနေ။

"မောင်လေး. . . နင် ဒဏ်ရာရတာ ဒက်ဒီနဲ့မာမီကို လုံးဝမပြောနဲ့နော်၊ ကဲ. . . အိမ်နား နီးပြီ၊ ဆင်းတော့"

သူ့အစ်မစကားတော့ နားထောင်သည်။ ဆင်းသွားသည်။ ဟူးခနဲပင် သက်ပြင်းမော ချမိသည်။ လွယ်အိတ်ပြန်ယူသည်။

"ဟိုရှေ့ကအိမ် (၁၇၂)ဟာ တို့အိမ်ပဲ၊ နက်ဖြန် (၈း၃၀) ဒီနားကပဲ စောင့်နော်"

"သူ. . . သူရော ပါမှာလားဟင်"

"ဟင့်အင်း. . . မောင်လေးက နေ့ခင်းမှ ထမင်းပို့ရင်း ထမင်းလာစားတာ၊ ခါတိုင်း ချိုင့်ယူပြီး ပြန်တာ. . ဒီနေ့မှ. ."

စကားပြောရင်း အိမ်ရှေ့ရောက်လာသည်။ ခြံတံခါးကြီးကပင် ဟီးထနေသည်။ တစ်ကိုယ်စာ ဝင်ပေါက်လည်း ရှိသည်။

"မောင်လေး. . ဝင်နှင့်"

သူ့ကို ပြုံးပြ၍ ဝင်သွားသည်။

"ခပ်တိုးတိုး ပြောစရာရှိတယ်. . . ဒီနားတိုး"

နား,နား လက်ကလေးနှစ်ဖက် အုပ်ကာ၍ လေသံနှင့် ပြောသည်။

"မောင်လေးကို ကာကွယ်လို့ သည်းညည်းခံလို့ မင်းကို တို့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းခင်သွားပြီ၊ ကျေးဇူးပဲ ကိုသာစု"

ပြောပြောဆိုဆို လှပစွာ ခြံထဲ ပြေးဝင်သည်။ ဝင်ခါနီး လက်ထောင်၍ လက်ချောင်းလေးတွေ လှုပ်ခါပြပုံလေးက ပို၍လှပါသည်။

'ဟင်. . . အပြင်မှာ ဘယ်သူမှ မသိတဲ့ ငါ့အိမ်နာမည်ကို သူ ဘယ်လိုသိနေရတာတုန်း'

အံ့သြတာထက် ရင်းနှီးစွာ မိသားစုလို အခေါ်ခံရ၍ ကြည်နူးပျော်ရွှင်မှုက ပိုကြောင်း ဝန်ခံပါသည်။





"ပုဂ္ဂိုလေ. . . တို့ အိမ်ခေါ် နာမည်ကို ဘယ်လိုသိနေတာလဲ ဟင်"

သူမက လွယ်အိတ်ကို ပခုံးပြောင်းလွယ်ရင်း ရယ်နေသည်။

"တို့က တယ်လီပသီ လေ့ကျင့်တယ်၊ ယောဂကျင့်စဉ်လည်း လိုက်စားတယ်"

"အတည်ပြောတာ. . . တို့ အရမ်းအံ့သြနေလို့ပါ"

"ဒီထက်အံ့သြအောင် ပြောရဦးမယ်၊ မင်းဖေဖေက အကောက်အခွန်အရာရှိ ဦးမင်းသူ၊ မေမေက ကျူတာဟောင်း ဒေါ်ထက်ထက်ပိုင်၊ မင်းက တစ်ဦးတည်းသောသား၊ မင်း မြဝတီမှာတုန်းက မြို့နယ်လက်ရွေးစင်ဘောလုံးသမား. . . ဟုတ်သလား"

"ဟုတ်တယ်. . . မင်းဘယ်လိုသိနေတာလဲ၊ မင်း အရင်းခင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် ပြောဟာ"

နံနက်ခင်းထဲ ခုပင် ပွင့်လိုက်သော လန်းဆန်းနေသည့် ပန်းက လေးတစ်ပွင့်နှင့် လမ်းလျှောက်နေရသည်နှင့် တူပါသည်။

"မင်း စိမ့်စိမ့်သူကို သိလား၊ တို့အတန်းထဲကပဲလေ"

"ဟိုမျက်လုံးဝိုင်းဝိုင်းလေးနဲ့ တစ်ယောက်လား"

"မဟုတ်ဘူး. . . အဲ့ဒါက ခင်ကြည်ဝင်း"

"ဒါဆို မျက်ခုံးထူထူ အီမီအုပ်ဆံပင်နဲ့"

"မဟုတ်ဘူး. . . စိမ့်သူက ဟောသလို ဝဝတုတ်တုတ်လေး၊ တို့က ဝလုံးလို့ ခေါ်ကြတဲ့တစ်ယောက်"

"အွန်"

"သူက မင်းတို့အိမ်နဲ့ မျက်စောင်းထိုးမှာ နေတာ၊ သူက မင်းကို ကြိတ်ခိုက်နေတာ"

"ခင်ဗျာ. . . ကမ္ဘာပေါ် ရှိသမျှ ဘုရားအပေါင်း ကယ်တော်မူပါ"

စိမ့်စိမ့်သူဆိုတာက ကလေးဆန်ဆန် မျက်နှာလေးနှင့် ချစ်စရာ ကောင်းသော်လည်း ခန္ဓာကိုယ်က နောင်နှစ်ခါဆို ပွင့်စံချိန်ကို ချိုးတော့မည်။

"သူ့မှာ မင်းရဲ့ Data တွေ အကုန်ရှိတယ်၊ ဒါကြောင့် မင်း ဘိုင်အိုဂရပ်ဖီကို တို့သိနေတာ"

"သူကကော ဘယ်က သိတာလဲ၊ တို့ပြောင်းလာတာ လပိုင်းပဲ





ရှိသေးတဲ့ဟာကို၊ Facebook လည်း တင်မထားပါဘူး"

"သူကတော့ ပြောပါတယ်၊ အိမ်နာမည်တော့ သွားမခေါ်ကြပါ နဲ့ဟယ်တဲ့၊ မီးခိုးကြွက်လျှောက်ပြီး သူ့အိမ်က အေးမိဆိုတဲ့ ကောင်မ လေး လျှို့ဝှက်သတင်းပေါက်ကြားမှုနဲ့ ခုံရုံးတင်ခံနေရပါမယ်တဲ့"

"လက်စသတ်တော့ အေးမိကိုး"

"အဲ့ဒါ ပြောမလို့ ဝလုံးက နေ့တိုင်း မုန့်ဟင်းခါးကျွေးပြီး စကား ပြောနေကျဆိုတော့ ခင်နေပြီတဲ့၊ ရပ်ကွက်ထဲမှာ ဝလုံးက ဘော်ဒါသိပ်ရှိ တာ မဟုတ်ဘူး၊ သူတို့ချင်း အခင်အမင် မပျက်အောင် မင်း မသိချင် ယောင်ဆောင်နေဖို့ မေတ္တာရပ်ခံပါတယ်ဟာ. . နော်"

"ဟာ. . . အေးမိကို သတိပေးသင့် ပေးရမှာပေါ့၊ တော်ကြာ တို့ မကောင်းတဲ့သောက်ကျင့်တွေ လူသိမခံနိုင်တာတွေ သွားပြီးဖွင့်ချ နေရင် ဘယ်လိုလုပ်မလဲ၊ ဒီကောင်မလေးက အိမ်မှာ နေတာ ကြာပြီ. . အကုန်သိတယ်"

ဘောလုံးကွင်းကို ဖြတ်လာနေသည်။

မနက်ခင်း ဘောလုံးကစားသူထဲက လှမ်းအော်သည်။

"အမေရေ. . . သူများသားသမီးတွေ ကောင်းစားနေပုံ ထ ကြည့်ပါဦးဗျ"

"အရင်းအနှီး များတယ်ကွ၊ ခါးကောင်းရမယ်၊ ကျောကောင်းရ မယ်၊ ပေါင်(၁၆၀)ကို ထမ်းပြေးနိုင်ရမယ်"

သူမ လက်ခနဲ တစ်ချက်ကြည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ စတာတွေ စိတ်မဆိုးဘူးလား"

"မဟုတ်တာ ပြောရင်သာ စိတ်ဆိုးရမှာလေ၊ ခုဟာက ဟုတ်တာ ပြောတာပဲ၊ ဘာဆိုးစရာရှိလို့လဲ"

သူမ ရပ်၍ သူပါ လိုက်ရပ်လိုက်သည်။

"ဒါပေမယ့် ကောင်းစားနေတယ်ဆိုတာ ဘာကိုပြောမှန်း တို့သိပါတယ်၊ မင်း ကောင်းစားနေတာ မဟုတ်ဘူးနော်၊ မင်းနဲ့တို့ကြားမှာ လိင်မခွဲဘူး၊ ဒါပေမယ့် တို့နှစ်ယောက်ဟာ တကယ်ခင်တဲ့သူငယ်ချင်းတွေ၊ ကဲ. . . နေခဲ့တော့၊ တူတူကျောင်းထဲ ဝင်ရင် ဟိုဟာမတွေ ဝိုင်းတွယ်တဲ့စကားလုံးက ဒီထက်ပိုဆိုးမယ်. . . သွားပြီ"

အင်မတန် လှပသော ကျောကုန်းလေးကို ခြေစုံရပ်ကြည့်ရင်း ရင်ထဲ လှပ်ခနဲ လစ်ဟာသွားသလိုလိုကြီးပါ၊ ဟုတ်ပ့ါ. . . ဟာတာတာနဲ့။





"မင်းနဲ့နိုရာကျော် အခြေအနေက ဘယ်လိုလဲ ပိုင်သူ"

မင်းနိုင်က မေးပြီး စမူဆာတစ်ကိုက် ကိုက်သည်။

ချဉ်ရည်ကို ကိုက်ပြီးသားအပေါက်ထဲ လောင်းနေသည်။

"ဒီလိုပါပဲကွ"

သူ့အခြေအနေကို ဥက္ကာကလည်း ဘဝင်ကျပုံမရ။

"ဘယ်လို ဒီလိုလဲကွ. . . မင်းဟာက"

"အခင်ဆုံး သူငယ်ချင်းအဆင့်ပါပဲကွာ"

"မင်းရောသူရော စာတော်တယ်၊ ဖြေပြီးတဲ့ စာမေးပွဲမှာ ဆရာဆရာမတွေကပါ မင်းတို့ကို ဒီ(၅)လုံး (၆)လုံး မှန်းထားကြတာပဲ၊ မင်းတို့ တက္ကသိုလ်လယ်ဗယ် ဖြစ်သွားပြီ"

"ငါဆိုလိုတာက အရွယ်ရောက်ပြီလေကွာ၊ စတိတ်မှာ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းအဆင့်ဆိုတာ ဖြစ်သင့်တယ်၊ ဟာစတီလယ်ဗယ်မှာ သူငယ်ချင်းအဆင့်ထက် တိုးတက်သင့်ပြီ၊ မင်း သူ့ကို မချစ်ဘူးလား"

"နှင့်နေအောင် ချစ်တယ်"

"ဖွင့်ပြောပေါ့ကွ"

"ငါ ခဏခဏ ကြိုးစားဖူးတယ်၊ ဟောဒီပါးစပ်က ထွက်ကို မထွက်တာကွာ၊ သူ့မှာ ချစ်သူရှိတယ်လို့လည်း ငါကြားတယ်. . . ဒဂုံတက္ကသိုလ်မှာတဲ့"

"ဖြစ်နိုင်တယ်. . . မနှစ်က နွေကျောင်းပိတ်တုန်း ကွန်ပျူတာသင်တန်းမှာ ဘဲကြီးတစ်ပွေနဲ့ တွဲတာ ငါ မျက်စေ့နဲ့ကို တွေ့ဖူးတာ၊ ဘဲကြီးက ကားတွေဘာတွေနဲ့၊ ဖြောင့်လည်းဖြောင့်တယ်"

သူ ပို၍အားငယ်လာသည်။ ဥက္ကာက. . .

"မင်း သူငယ်ချင်းအချင်းချင်းသဘောနဲ့ ဖွင့်မေးပေါ့ကွ၊ သူ ဖြေကိုဖြေမှာပါ၊ အဖြူအမည်း သိရတာပေါ့"

မင်းနိုင်က. . .

"မင်းကို မနာလိုတဲ့ကောင်တွေက ဘယ်လိုပြောလဲ သိလား၊ ဒီကောင်က ဆိုက်ကိုလေးကို ကပ်ပေါင်း၊ သည်းညည်းခံပြီး ပေါင်းနိုင်လို့ နိုရာက အခွင့်အရေးပေးတာတဲ့"

"မသိတဲ့ကောင်တွေ ပြောချင်ရာ ပြောပလေ့စေကွာ၊ ငါ့စိတ်ရင်းက အဲ့ဒီလိုဝေဒနာရှင်မျိုးကို သနားကြင်နာတဲ့စိတ်၊ ပျော်ရွှင်အောင်ထားချင်တဲ့စိတ်နဲ့ ညာတာတဲ့စိတ်နဲ့ ဘာမျှော်လင့်ချက်မှ မပါဘဲ ပကတိ





စိတ်နဲ့ ပေါင်းတာ"

ထိုစဉ်မှာပင်. . .

နိုရာ စက်ဘီးကလေးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ စက်ဘီးစီးတာ ဒီတစ်ခါသာ မြင်ဖူးသည်။

"ဟော့ကောင်. . . ပြောပြောဆိုဆို မင်းဖုတ်သွင်းရထားယာဉ်လေး ဆိုက်လာပြီ"

"ဟော့ကောင် တိုးတိုး. . ကြားသွားမှဖြင့်"

စက်ဘီးပေါ်က မဆင်းဘဲ ဂျင်းဘောင်းဘီခြေထောက်နှင့် ထောက်၍. . .

"ကွန်ပျူတာနဲ့ Speaking Class သွားစုံစမ်းမလို့၊ မင်း လိုက်မလား"

"လိုက်မယ်လေ. . . ကဲ. . . ငါ့ခွက်ပါ ရှင်းမယ့်သူငယ်ချင်းတို့ ခွင့်ပြုကြဦး"

ငပေါလေး(ခေါ်)ဥက္ကာက ဖင်တွန်းဟန်လုပ်၍ ကျန်ခဲ့သည်။ နောက်က တက်လိုက်ရင်း လက်ပြလိုက်၏။

"ဘာတွေပြောနေကြတာလဲ"

"ကောင်မလေးတစ်ယောက်အကြောင်းပါ. . . နာမည်က နိုရာကျော်ဆိုလား"

"ယောကျာ်းတွေကလည်း အတင်းအုပ်တာပဲလား"

"သတင်းထုတ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းလဲ"

"နိုရာကျော့်မှာ ရှိနေတဲ့ ကားနဲ့ရည်းစားသတင်း"

ဘာသံမှ သူမဆီက ဆက်ထွက်မလာတော့ပေ။

"အဲ့ဒါ သတင်းမှန်လားဟင်"

"သတင်းဟောင်းတစ်ပုဒ်ပါ. . . နောက်မှ ပြောပြမယ်၊ ဟိုမယ် ရောက်ပြီ"

နှစ်ယောက်အတူတက်ရန် သင်တန်းရွေး၍ စာရင်းပေးပြီး ဆင်းလာခဲ့ကြသည်။

"တစ်ခုခု သွားစားကြရအောင် သာစု"

"ကျွေးရင်တော့ သာစုက အနုမောဒနာ ခေါ်ပြီးသားပဲ၊ စက်ဘီးသော့ပေး. . . တို့နင်းမယ်"

စက်ဘီးပေါ် ရောက်တော့. . .

"မင်း ယားတတ်လား သာစု"

"ဘာဖြစ်လို့လဲ"

"မင်းခါးထဲ လက်ထည့်ပြီး မင်းခါးပတ်ကို ကိုင်ထားမလို့၊ တို့က စက်ဘီးနောက်က လိုက်ရင် ကိုင်ထားရမှ"

သူ စဉ်းစားသည်။ ခဏကြာမှ. . .

"ခါးကတော့ ယားတတ်တယ်၊ တို့ ဘယ်လိုမှ သဘောမထားပါဘူး၊ တို့ခါးကို ပိုက်ပြီး ဖက်ထားလိုက်၊ ဘတ်(စ်)ကားစီးရင် စက်ဘီးစီးရင် တို့ လိင်မခွဲဘူး"





"နစ်နာနေဦးမယ် ကိုယ်တော်မြတ်လေး"

ပြောရင်းဆိုရင်း ခါးကို လာဖက်သည်။ ခပ်တင်းတင်းလေး ဖက်သမို့ ကျောကုန်းက အိခနဲ နေသည်ပေါ့. . နော့။

"ဘယ်ဆိုင်ကို နင်းရမှာလဲ"

"လူရှင်းတဲ့ကြေးအိုးဆိုင်ကို နင်း"

"လမ်းဆုံမှာ အသစ်ဖွင့်တဲ့ဆိုင် ကောင်းတယ်လို့ မင်းနိုင် ပြောတယ်"

"သွားလေ"

ဆိုင်လေးက သန့်ရှင်းသပ်ရပ်လှသည်။ ကျယ်ကျယ်ဝန်းဝန်း လည်း ရှိသည်။ သစ်ရိပ်အောက်က စားပွဲတွင် ဝင်ထိုင်၍ ကြေးအိုးနှစ်ပွဲ မှာလိုက်သည်။

"နိုရာ နောက်မှ ပြောမယ်ဆိုတဲ့သတင်းဟောင်း အခု ကြော်ငြာ လို့ရပြီလေ"

"ပြောမှာပါ. . . သူငယ်ချင်းအချင်းချင်း လျှို့ဝှက်နေစရာ မလို ပါဘူး"

ပါးစပ်က ဘာမှမပြောမိသော်လည်း စိတ်ထဲကတော့. . . လာပြန်ပြီ. . . ဒီသူငယ်ချင်းဆိုတဲ့ နံရံကြီး။

"ဟုတ်တယ်. . . သူက ကွန်ပျူတာဒီပတ်မင့်(တ်)က တို့ကို သင်တန်းပြရင်း ပရိုပို့(စ်)လုပ်တယ်၊ တွဲသွားတွဲလာ ရှိခဲ့တယ်၊ အဖြေ မပေးခင် မာမီက သူကြည့်ချင်တယ်၊ အိမ်ကို ခေါ်လာခဲ့ဖို့ ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူလာတဲ့နေ့မှာ မောင်လေးက လက်လှဲတဲ့ကား ကြည့်နေတယ်၊

ဖေဖေနဲ့ လှဲပြီးပြီ၊ ဖေဖေက မသိမသာ အရှုံးပေးလိုက်လို့ တကယ်နိုင်တယ်ထင်ပြီး အပျော်ကြီးပျော်နေတာပေါ့၊ သူရောက်လာတယ်၊ အားလုံးနဲ့ မိတ်ဆက်ပေးပြီး ကော်ဖီသောက်နေတုန်း မောင်လေးက သူနဲ့ လက်လှဲမယ် လုပ်ပါလေရော၊

ဦးနှောက်အိုင်ကျူမပြည့်တဲ့ ကလေးမှန်း သူသိပါတယ်၊ မလှဲချင်ဘူးတဲ့. . . ပထမ ငြင်းတယ်၊ မောင်လေးက ကြမ်းပြင်ပေါ် ထိုင်ချပြီး ခြေကန်လက်ကန် အော်ငိုရင်း စကြောက်ကြီး ယောက်ျားမပီသဘူး ဘာညာပြောတော့တာပေါ့၊ တို့ တားတာတောင် မရတော့ဘူး၊ နောက်ဆုံး. . ကဲ. . လှဲမယ်ကွာတဲ့၊ သူဟာ လူကြီးလူကောင်းပေါက်စလို့ ပြောရမလားပဲ၊ တို့ထက် လေးနှစ်တောင် ကြီးတယ်၊

ဟင်းဟင်း. . သူ့ကို စကြောက်၊ ယောက်ျားမပီသဘူး ပြောလို့ ထင်ပါရဲ့၊ သုံးပွဲလှဲတာ သုံးပွဲစလုံး နိုင်အောင်လှဲသွားတယ်၊ မောင်လေး မျက်နှာလေး အိုဆင်းသွားလိုက်တာလေ၊ ငိုမဲ့မဲ့ဖြစ်လာတော့ ခပ်ငေါက်ငေါက်အသံနဲ့ မင်း ယောက်ျားမဟုတ်ဘူးလား၊ ယောက်ျားဆိုတာ မငိုရဘူးကွ. . မြဲမြဲမှတ်ထားဆိုပြီး ထပြန်သွားတယ်၊ ဟင်း. . . ဟင်း. . လူကြီးလူကောင်း ပီသတယ်နော်"

နောက်နေ့ သင်တန်းတက်တော့ အဖြေတောင် မပေးရသေးဘူး၊ တကယ်လို့ လက်ထပ်ဖြစ်ရင် သူ့တိုက်ခန်းမှာ တစ်ယောက်တည်း လိုက်နေနိုင်မလားတဲ့၊ သဘောက သူ မောင်လေးကို အာရုံနောက်နေ





တာလေ၊ ကျွန်မ မောင်လေးကို မခွဲနိုင်ဘူး၊ ကျွန်မ ထမင်းခွံ့မှ စားတဲ့ အတွက် ဘယ်လိုမှလည်း ခွဲလို့မရဘူးလို့ ပြောပြီး ဇတ်ခနဲ ထပြန်ခဲ့တယ်၊ သင်တန်းလည်း ဆက်မတက်တော့ဘူး၊ ဤတွင် သတင်းဟောင်းများကို ကြေငြာလို့ ပြီးပါပြီရှင်၊ ကျွန်မ နိုရာကျော်ပါ"

ထိုနေ့က လာချပေးသောကြေးအိုးသည် ကမ္ဘာပေါ်တွင် အရသာအရှိဆုံး အစားအစာဖြစ်ပါသည်။ အပြန်တွင် သူမက နင်း၍ နောက်က ထိုင်စီးရင်း. . .

"တို့လည်း စက်ဘီးသိပ်စီးလေ့ မရှိဘူး၊ ကျမှာ ကြောက်တယ်"

"ဟင်း. . ဟင်း. . နိုတယ်နော်၊ မြို့ထဲ တစ်ယောက်တည်း မသွားနဲ့ သိလား၊ ကဲ. . ကဲ. . အလာတုန်းကကို လက်စားချေလို့ ရပါပြီရှင်"

ခါးကျဉ်ကျဉ်လေးကို သိုင်းဖက်ရင်း သူမကျောကို ပါးအပ်ထားမိသည်။ မြင်တဲ့သူ ထင်ချင်ရာထင်ကြ။ ဝမ်းပြင်းသား တင်းတင်းလေးပေါ် လက်ဝါးကို ဖွဖွလေး ရွှေ့တော့ တွန့်ခနဲ ဖြစ်သွားသည်။ ဘာမှတော့ လှည့်မပြော။ ဖွဖွရွရွလေး ပွတ်ပေးတော့ မလုပ်နဲ့ မပြောဘဲ ခပ်ချွဲချွဲ ခပ်ညည်းညည်း သံရှည်လေးနှင့်. . .

"သူ. . ငယ်. . ချင်း. . နော်" တဲ့။





www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဗယ်လင်တိုင်းဒေး ဖြစ်သည်။ နိုရာက သူ့အိမ်ကို ပထမဆုံး ဖိတ်ကြားသည်။ သူ့ဒယ်ဒီမာမီနှင့် မိတ် ဆက်ပေးမည်တဲ့။ ထမင်းကျွေးမည်တဲ့။

"ပုဆိုးနဲ့တိုက်ပုံ ဝတ်လာရမှာလား"

"ရှုးကြောင်ကြောင်တွေ လျှောက်မလုပ်နဲ့၊ ဝတ်နေကျ T-shirt နဲ့ ဂျင်းဘောင်းဘီပဲ ဝတ်လာခဲ့၊ ဒယ်ဒီနဲ့မာမီက သိပ်ခေတ်မီတာ"

နိုရာ့ရှေ့၌ သူ တစ်ခါမှ မဝတ်ဖူးသော ဂျင်းဘောင်းဘီ အဖြူ ဆွတ်ဆွတ်နှင့် T-shirt အသစ် အဝါနုနုကို ရွေးချယ်၍ ကုတင်ပေါ် တင်လိုက်သည်။ ရှူးဖိနပ်အဖြူကိုပင် စီးမည်။ အညိုကွက် မာဖလာ ပတ်သင့်ပတ်မည်။ တင်းနစ်ဘောလုံးအသစ်နှင့် ချောကလက်တစ်ဗူးကို တော့ ညဦးက လမ်းဆုံစတိုးဆိုင်က သူဝယ်ပြီး ဖဲကြိုးလှလှနှင့် ပက်ကင်





ဗူးထဲ ထည့်ပြီးဖြစ်သည်။

ပါးစပ်ထဲ အလိုလို ဝင်လာသော ထူးအိမ်သင်၏ သီချင်းများ နှင့်လူ သီချင်းကို ညည်းရင်း အဝတ်အစားတွေ ချွတ်သည်။ သဘက် ကြီး ပတ်၍ ရေချိုးခန်း ဝင်ခဲ့သည်။ ရေပန်းအောက် ဝင်စဉ် အေး၍ တွန့်ခနဲ ဖြစ်သွားသေးသည်။ တအောင့်နေမှ သီချင်းဆက်ဆိုရင်း. . .

ရှန်ပူနှင့် ခေါင်းလျှော်သည်။ သီချင်းက အထားအသိုတွေ ပြောင်းကုန်သည်။ ဘယ်သူ အသံဖမ်းနေလို့လဲနော်။ ဆပ်ပြာ နှစ်ကြိမ် တိုက်မိသည် ထင်သည်။ အလိုလို အူမြူးနေကြောင်း သူ့ကိုယ်သူ မရိပ်မိ သေး။

ရေချိုးခန်းက ထွက်လာသည်။ ရေစင်အောင် သုတ်ရင်း မှန်ထဲ က သူ့ပုံရိပ်ကို သူကြည့်သည်။ သဘောကျပါသည်။ နိုရာကျော်ရေ. . မင်းလက်မခံနိုင်တဲ့အချက် ငါတော့ ငါ့ကိုယ်ငါ ရှာမရဘူး၊ ကျောင်းပိတ် ရက်အတွင်း အောင်စာရင်း စောင့်ရင်း သူ GYM ဝင်၍ ပုံမှန်ကစား သည်။

ယောကျ်ားပီသသော သူ့ခန္ဓာကိုယ်သည် ဖြူဥ၍ ပိုပြီး အချိုး အဆစ် ပြေပြေပြစ်ပြစ်နှင့် ကြွက်သားများ ပြည့်လာ၏။ အရွယ် လားလားမြောက်သော ယောကျ်ားပျိုတစ်ယောက်အဖြစ် မှန်ထဲတွင် တွေ့ရသည်။

စိတ်ကူးထဲတွင် သူ့ဘေး၌ နိုရာကျော်ကို ယှဉ်၍ ရပ်ခိုင်းလိုက် ၏။ အဲ. . . သူမကတော့ သူ့လို အပေါ်ပိုင်း ကိုယ်တုံးလုံးတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ နိုရာလည်း လေးငါးလအတွင်း သိသိသာသာ ဖွံ့ဖြိုးလာသည်။ သူမလည်း အေရိုးဗစ် ပုံမှန်ကစားနေသည်ဟု ပြောဖူးသည်။ နဂိုက အချိုးအဆစ် လှပသူမို့ မြင်သူတိုင်း (မိန်းမတွေအပါအဝင်) ငေးမောကြရသည်။

မျက်နှာကို နေဗီယာ အနည်းငယ် ပွတ်သည်။ ဆံပင်ကို Water ဂျယ်လီနှင့် ကပိုကရိုဖြစ်အောင် ဟိုတစ်စ သည်တစ်စ ထောင်သည်။ တမင်လုပ်ထားသည်နှင့် မတူအောင် အတော်လက်ဝင်အောင် လုပ်ယူရသည်။ ရပြီ။

ဘောင်းဘီအကျီ ဝတ်ပြီးသောအခါ T-shirt အဝါနုနုနှင့် လိုက်ဖက်သော ညိုဝါအစင်း မာဖလာကို လည်ပင်းတွင် ပတ်ကြည့်သည်။ နည်းနည်းခန့်သွားသည် ထင်သည်။ နည်းနည်းလည်း လူကြီးဆန်သွားမလား၊ ဒါ ကိုရီးယားစတိုင်လ်ပဲ. . . ပတ်မယ်ကွာ။ အားလုံးပြီးပြီ၊ နာရီကြည့်တော့ မနက်ကိုးနာရီကျော်ကျော်သာ ရှိသေးသည်။ နေ့လည်စာစားမည်မို့ (၁၀)နာရီကျော်မှ လာခဲ့ဟု နိုရာ မှာထားသည်။

ဧည့်ခန်းဆင်း၍ စလောင်းဖွင့်ကြည့်နေမှဟု စဉ်းစားပြီး အောက်ထပ်ဆင်းလာခဲ့သည်။ ရှူးကေ့စ်ပေါ် ကို လက်ဆောင်ထုပ်ကို ပြန်ချရင်း မေမေက. . .

"သား. . လာ. . မေမေနဲ့ ကော်ဖီသောက်ရအောင်"

အင်း. . . ကော်ဖီတစ်ခွက်လောက်တော့ သောက်ဦးမှဟု မေမေ့နောက်က ထမင်းစားခန်းထဲ လိုက်ဝင်ခဲ့သည်။





မုန့်ဟင်းခါးပါ ပြင်ထားသဖြင့် ဝင်စားလိုက်သည်။

"သား. . ဒီနေ့ ဘယ်သွားမလို့လဲ၊ ဟိုလက်ဆောင်ထုပ်က ဘယ်သူ့ဖို့လဲ"

"ဟိုဘက်လမ်းက သားသူငယ်ချင်းနဲ့ သူ့မောင်လေးအတွက်ပါ"

"အဲ့ဒီကလေးက မွေးရာပါ ဂေါက်ရောဂါသည်လေးဆို"

"ဟုတ်တယ် မေမေ၊ သားကို အရမ်းခင်တယ်"

"သနားစရာကွယ်. . . ဒုလ္လဘတရားကြောင့် လူဖြစ်လာပေမယ့် လူစဉ်မမီတဲ့လူတွေကို လူစဉ်မီသူတွေက ပစ်ပယ်တတ်ကြတယ်၊ မေမေ့သားက လူစဉ်မမီသူတွေကို မပစ်ပယ်တတ်တာ မေမေဂုဏ်ယူတယ်၊ ဒါဟာ မွန်မြတ်တဲ့ သားရဲ့စိတ်ဓါတ်ကလေးကို ပြတာပဲ"

"ဟုတ်ကဲ့ပါ မေမေ၊ ကဲ. . . သွားတော့မယ် မေမေ၊ ချာလီလေးကို သားညီအရင်းလို ချစ်တာပါ၊ သွားပြီ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



**သံ**ပြားကြီး ကာထားသော တစ်ကိုယ်စာ ခြံတံခါးကို ခေါက်မည်အပြု ချပ်ခနဲ ပွင့်လာသည်။ နိုရာဖေဖေ ဖြစ်လိမ့်မည်။

"မင်းဘယ်သူလဲ. .

ဘာကိစ္စလဲ. . .

ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

မေးခွန်းသုံးခုကို အစဉ်လိုက်ပင် ဖြေရန် စဉ်းစားသည်။

"ကျွန်တော် ပိုင်သူပါ"

"ပိုင်သူ. . အေး. . ကိစ္စက"

"ကိစ္စက ထမင်းလာစားတာပါ"

"ဘယ်လို. . . ငါ့အိမ်ကို ထမင်းလာစားတာ"

"ဟုတ်ကဲ့. . . ကျွန်တော် နိုရာကျော်နဲ့ တွေ့ချင်ပါတယ်ခင်ဗျ"





မျက်လုံးကြီး ပြူးပြီး မျက်နှာကြီး ရဲတက်လာသည်။ အသံမာကြီးနှင့်. . .

"မင်းဘာကောင်လဲ ဟေ့ကောင်၊ ငါ့ကို တမင်စော်ကားတာလား၊ ငါ့အိမ်ကို ထမင်းလာစားတယ်၊ ငါ့သမီးကိုလည်း တွေ့ချင်တယ်"

မာဖလာကို ဆွဲသည်။ ထိုစဉ်. . .

"ဟယ်တော့. . . ကိုကျော် ဘာတွေဖြစ်နေကြတာလဲ"

"ဒီကောင် လာစော်ကားနေတာ၊ ထမင်းလာစားတာတဲ့၊ သမီးကိုလည်း တွေ့ချင်လို့တဲ့"

"နေပါဦး. . . နာမည်က"

"ပိုင်သူပါခင်ဗျ. . . နိုရာကျော် ထမင်းစား ဖိတ်ထားလို့ပါ၊ လက်ဆောင်ထုပ်လည်း ပေးမလို့ပါခင်ဗျာ"

"သမီး ထမင်းစားဖိတ်တဲ့လူ ရှိတယ်၊ ပိုင်သူတော့ မဟုတ်ဘူး၊ သာခုတဲ့"

"ဟုတ်ပါတယ်ခင်ဗျာ. . . ပိုင်သူက ကျောင်းနာမည်၊ အိမ်နာမည်က သာခုပါခင်ဗျ"

ထိုစဉ် တံခါးဝကနေ တိုးထွက်လာသူက ချာလီကျော်ဖြစ်သည်။

"ဟာ. . . ကိုကိုသာခု. . ဝမ်းသာလိုက်တာဂျာ၊ ဒက်ဒီ. . . တံခါးအကြီးဖွင့်ပေး၊ သား ကျော်ကီမစီးရတာ ကြာပြီ. . .ဟီ. . ဟီ"

နားကြပ်နှစ်ဖက် နားအုပ်ထားသော ချာလီကျော်က ပြောပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုဆို ကျောကို ဆွဲလှည့်၍ စွေ့ကနဲ ခုန်တတ်သည်။

"အင့်. ."

"ဂွတ်. ."

"တက်ကလုတ်. .

တက်ကလုတ်. ."

ပွင့်လာသောတံခါးမကြီးမှ အိမ်ဆီသို့ ကျောပိုးရတော့သည်။ အပေါ်က ကောင်းကောင်းမလိုက်။ ပတ်ထားသော မာဖလာနှစ်စကို အားနှင့် အစနှစ်ဖက် ဆောင့်ဆွဲသည်။ လည်ပင်းအစ်လာသည်။ လက်နှစ်ဖက်ကလည်း လက်ဆောင်ထုပ်နှစ်ထုပ်နှင့် ဘယ်လိုမှ မအား။

"အား. . အား. . လည်. . လည်ပင်း၊ ညီ. . ညီလေး. . . အစ်. . အစ်"

ခြံဝနှင့်အိမ်က ပေ(၃၀)ခန့်မို့ လည်ပင်းအစ်ပြေရန် အိမ်ဆီ ဒုန်းစိုင်းပြေးရသည်။ အိမ်ဝ၌ နိုရာ ရှိနေသည်။

"မောင်လေး ဆင်းတော့၊ ဟိုမယ် လျှာထွက်နေပြီ"

"ဟူး. . ဟောဟဲ. . . ဟောဟဲ"

ဧည့်ခန်းတွင် ထိုင်မိကြမှ နိုရာဖျော်တိုက်သော သံပုရာရည်ကြောင့် အမောပြေရသည်။ သူတို့သားလေးကို ခင်ခင်မင်မင် အလိုလိုက်သောကြောင့် သူမ ဒယ်ဒီနှင့်မာမီက လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

"ဒယ်ဒီဦးမောင်မောင်ကျော်နဲ့ မာမီ ဒေါ်တင်မမတဲ့၊ သူက သမီးသူငယ်ချင်း ဖိုက်ဒီမှန်းထားတဲ့ ပိုင်သူ ခေါ် သာခုပါ ဒယ်ဒီနဲ့မာမီ"





"ဝမ်းသာသကွာ. . . အန်ကယ်မသိလို့ ငေါက်ငမ်းမိတာ ဆောရီးနော"

"ရပါတယ်ခင်ဗျာ. . . ဪ. . . ရော့. . ညီလေးဖို့ လက်ဆောင်"

ချောကလက်ဘူးကိုတော့ နိုရာ့အား ကမ်းပေးလိုက်သည်။ ချာလီကျော် ဖွင့်ပြီး အရမ်းပျော်သွားသည်။ ခုန်ဆွခုန်ဆွနှင့် ပတ်ကစားတော့သည်။ နိုရာက ချောကလက်ဘူး ဖွင့်၍ သူမဒယ်ဒီနှင့်မာမီကို တစ်ပြားစီ အရင်ကမ်းသည်။ နိုရာ လှခြင်းမှာ ဘိုသွေးစပ်ပုံရသော သူ့မာမီ၏အမွေဖြစ်ကြောင်း ရှင်းခနဲ သိရသည်။ (၅၀)ကျော်ထိ ခံ့ညားစွာ လှပနေသော ဒေါ်တင်မမက. . .

"သားလေးအတွက် အစ်ကိုတစ်ယောက် ထပ်ရတယ်လို့ အန်တီ ယူဆပါတယ်ကွယ်"

"ကျွန်တော်လည်း တစ်ဦးတည်းသောသားဆိုတော့ မောင်နှမ တိုးပါတယ်ခင်ဗျာ၊ ချာလီကျော်ကို ကျွန်တော့်ညီလေးအရင်းလို ရင်ထဲက ချစ်တာပါ"

"ဆိုးတယ်ကွ. . ဟဲ. . ဟဲ. . သတိထား ပေါင်းဟေ့"

ထိုစဉ် ချာလီ နံရံကို ပစ်ပေါက်လိုက်သော ဘောလုံးက ကြမ်းကို ထောက်၍ သူ့ဆီ ကြမ်းခင်းကို ဖောက်ခနဲ ထောက်ပြီး ရောက်လာသည်။ သူ ဇတ်ခနဲ ဖမ်း၍ဖွက်လိုက်သည်။

ကျောပေးနေသော ချာလီ ပြန်လှည့်လာသည်။ ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်၍ ရှာနေသည်။

"ဟောသမှာ. . ကွ"

သူ့ဆီ စိုက်စိုက်နှင့် လာနေသည်။ သူက ညာလက်ထဲကနေ ဖျတ်ခနဲ ပြောင်းလိုက်ပြီး မျက်လှည့်ပြသလို ဖွက်လိုက်ပြီး လက်သီးဆုပ်ထားသည်။ ပြန်ဖြန့်လိုက်တော့ လက်ဝါးချည်း ရှိတော့သည်။

"ဟာ. . . နာ့ဘောလုံး ဘယ်ရောက်သွားလဲ"

သူ့မျက်နှာနား ကပ်လာပြီး တောင်းတော့သည်။ သူက ဘယ်လက်ကို ချာလီနောက်စေ့နားမှာ လက်ထိုး၍ ညာလက်ဝါး ပြပြီး. . .

"မရှိဘူးနော်. . . ဒီမှာကြည့်"

"ဘယ်မှာလဲ. . . နာ့ဘောလုံးပြန်ပေး. . ပြန်ပေး"

ဖျတ်ခနဲပင် ညာလက်ကို သူ့ဘယ်နားရွက်နား ဆန့်တိုး၍ ဘောလုံးကို ယူ၍ နားရွက်နားက ပွတ်ဆွဲယူ၍. . .

"အပ်ချလောင်း. . . ဟောသမှာ ရောက်လာပြီ"

"ဗျောင်း. . "

ထင်မှတ်မထားပါ၊ သူ့ခြေနှစ်ချောင်းကို ဇတ်ခနဲ ဖမ်းဆုပ်၍ ကိုင်ပေါက်လိုက်ရာ တစ်ယောက်ထိုင်ဆိုဖာပါ ပက်လက်လန်၊ လူက တစ်ပတ်လည်၍ ကြမ်းပေါ် ပက်လက်လန်ကျတော့သည်။

"ပြန်း. . "

"အင့်. . "

လူကို တက်ခွ၍ နားရွက်နှစ်ဖက်ကို အတင်းဆွဲ၍. . .





"မင်းနားရွက်ကို ငါဖြုတ်ပစ်မယ်၊ မင်းနားရွက်နှစ်ဖက်ကို ငါဖြုတ်ပစ်မယ်. . ဖြုတ်မယ်"

သူ ဘာမှန်းမသိ၍ ပိပြားကြောင်အမ်းနေစဉ် သူ့ဒယ်ဒီနှင့် အစ်မက ပွက်လောရိုက်အသံတွေနှင့် တားရင်းဆွဲရင်း သူ့ဒယ်ဒီမာမီ လက်မောင်း အတင်းဆွဲ၍ အိပ်ခန်းဆီ ပါသွားသည်။ နိုရာက သူ့ကို ထူရင်း. . .

"ဆောရီးကွာ. . . ကြိုမပြောထားမိဘူး၊ မောင်လေးက သူ့နားရွက်ကို ထိတာ မကြိုက်ဘူး၊ ငယ်ငယ်က သူကြောက်ရတဲ့ဦးလေးက မင်းဆိုးရဲဆိုးကြည့် နားရွက်နှစ်ဖက် ဖြုတ်ပစ်မယ် ပြောတော့ ဆိုက်ကို ဝင်သွားတာလေ၊ ထ. . ထပါ၊ ဒါကြောင့် နားကြပ်အုပ်ထားတာ၊ မင်းက မသိလို့"

"အား. . ကျွတ်. . ကျွတ်. . အီစလံကို ဝေသွားတာပဲ"

သူမက သူ့လက်မောင်းကိုင် တွဲ၍. . .

"ဟိုမှာထိုင်. . တို့ လဲနေတဲ့ဆိုဖာ ထူလိုက်ဦးမယ်"

မူးဝေမူးနောက်ကြီးနှင့် ခပ်ကွကွ လျှောက်သွားပြီး ဆိုဖာပေါ် ထိုင်အချ. . .

"ဗွိ. . "

"အား. . "

ကမန်းကတန်း ပြန်အထ. . .

ခဲရောင်အကျီတစ်ထည် သူ့ဖင်မှာ တွဲလောင်းပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . မာမီ ကြယ်သီးတပ်နေတဲ့ ချာလီအင်္ကျီ"

ကြယ်သီးပေါက်ထဲက တည့်တည့်ထောင်နေသောအပ်က သူ့ဖင်တွင် တန်းလန်းကြီးဖြစ်နေသည်။

"အား. . အား. ."

ကြောင်ငေးနေရင်း နိုရာက ကုန်းအော်သည်။

"မာမီ. . မာမီ. . ဒီ. . ဒီမှာ မာမီအပ်. . မာမီအပ်စူးလို့"

ပြောရင်း သူ့ဖင်ကို ကုန်းခိုင်းကာ အပ်ချည်ကြိုးကို လက်နှင့်ရစ်၍ ဇတ်ခနဲ ဆွဲနှုတ်သည်။ နာလွန်းသဖြင့် တင်ပါးကြွက်သားတွေကို ရှုံ့ကျစ်ထားမိရာ အပ်က တစ်ပိုင်းသာ ပါလာသည်။

"ဟာ. . အ. . အထဲမှာ တစ်ပိုင်းကျန်ခဲ့ပြီ"

"အား. . စူးတယ်ဗျ. . လုပ်ပါဦး. . လုပ်ပါဦး"

"ဘောင်း. . ဘောင်းဘီချွတ်၊ ချွတ်ပါ မရှက်နဲ့၊ အစလေးတော့ အပေါ်ယံမှာ ကျန်နေမှာပါ"

ဦးကျော် ဝင်ပြောတော့ ကြောက်အားလန့်အားနှင့် သူ ယောင်ယမ်းချွတ်လိုက်မိသည်။

"ဖင်. . ဖင်ကုန်းလေကွာ၊ မမ. . မင်းမျက်မှန်နဲ့ ရှာစမ်း၊ ထိပ်စလေးတော့ ရှိကိုရှိမယ်၊ မင်းက အပ်ကျွမ်းကျင်သူပဲ. . . လုပ်ပါဟ. . . မြန်မြန်"

ဒေါ်တင်မမ ကယောင်ကတန်းနှင့် ပွတ်သပ်ရှာသည်။

"အ. . အ. . စူးတယ်"





ဖြစ်ပျက်နေပုံကို မြင်အောင်သာ တွေးကြည့်ကြပါတော့။ လေးဘက်ထောက် ဘောင်းဘီလျှော့ချ တအအ အော်နေပုံ။

"မတွေ့ဘူး ကိုကျော်ရဲ့၊ အောက်က စာစပိုင်နာပေါ်မှာ ဘာမှ မရှိဘူး"

"မထူးဘူး. . . ကြွက်သားလှုပ်ရင် အထဲဝင်သွားနိုင်တယ် ဒယ်ဒီ"

နိုရာ့စကားကြောင့် အတွင်းခံပါ လှန်၍ အပ်ကျိုးအဖျားကို ရှာကြတော့သည်။ မတွေ့သည့်အဆုံး သံလိုက်တုံးနှင့် ခွဲစိပ်ထုတ်ယူရန် ကားငှား၍ ဆေးရုံပြေးခဲ့ရတော့သည်။ ဟုတ်ကဲ့. . . ကဗျာမဆန်လွန်းသော သူ့၏ဗယ်လင်တိုင်းဒေးပါပဲ။



www.burmeseclassic.com



www.burmeseclassic.com



# အပိုင်း(၂)

"အဲ့ဒါပဲ ဘုန်းမိုး၊ သူ့ရှေ့မှာ အတွင်းခံပါ လှန်ပြီး ဖောင်ပြင်လိုက်ရတဲ့အဖြစ်ကွာ၊ အဲ့ဒီတုန်းက ပူထူနေလို့ ရှက်စိတ်ခဏပျောက်နေခဲ့ပေမယ့် သွေးအေးလို့ တစိမ့်စိမ့် တွေးလေ ငါရှက်လေပဲကွာ၊ ခုလိုရင့်ကျက်တဲ့အရွယ်လည်း မဟုတ်သေးဘူးလေ၊ အရှက်အကြောက်အရမ်းကြီးတဲ့အရွယ်လေ၊

ငါ ငါးရက်တိတိ သူတို့အိမ်ဘက် ခြေဦးမလှည့်ဘူး၊ တင်ပါးခွဲထားတာလည်း ပါတာပေါ့၊ ဖြစ်ချင်တော့ ဖေဖေ့ကို အရေးပေါ် နေပြည်တော် ပြောင်းမိန့်ကျလာတယ်၊ ရာထူးလည်း တက်တာကိုး၊ ချက်ချင်းဂျူတီရှိပို့ တင်ရမယ်တဲ့၊ နေပြည်တော်လေကွ. . . သိတဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမိုးက ဘီယာနောက်တစ်ဂျား ထပ်မှာသည်။ သူက အာလူးကြော် ကောက်ဝါးရင်း. . .

"ဖင်နာတာထက် ရင်နာတာက ပိုလာပြီလေ၊ ငါချစ်ခွင့်ပန်မယ် နှုတ်ဆက်မယ်ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး သူ့အိမ်ကို သွားတယ်၊ ကံဆိုးတယ်ကွာ. . . မိသားစုကို သူ့ဖားသားကြီးက ဦးဆောင်ပြီး မြန်မာပြည်တစ်ပတ်တဲ့၊ မနေ့ကပဲ ဘုရားဖူး ထွက်သွားကြသတဲ့. . . ဆွေးရော"

ဘုန်းမိုး(ခေါ်)ဘုန်းမိုးသွန်းနှင့် သူက နည်းပညာတက္ကသိုလ်တွင် ပထမနှစ်မှ စခင်ခြင်းဖြစ်သည်။ B.E (civil) နှင့် ဘွဲ့အတူတူ ရကြသည်။ သူက နေပြည်တော်ရှိ နိုင်ငံတော်၏အရေးကြီးသော စီမံကိန်းတစ်ခုတွင် အလုပ်ဝင်နေသည်။ ဘုန်းမိုးက အင်မတန် ချမ်းသာသောမိဘတွေ၏အမွေတွေကို ရလိုက်သူဖြစ်သည်။ တိုက်ခန်း(၆)ခန်း ရှိသည်။ တစ်လဆယ့်ငါးသိန်းခန့် ငှားခရနေသည်မို့ ဘာမှ လုပ်ကိုင်စားစရာမလို၊ အိမ်ဆောက်ပစ္စည်းဆိုင်လည်း ရှိသည်။ ဖခင်လက်ထက်ကတည်းက လူယုံမန်နေဂျာ ရှိသည်။ လှည့်ကြည့်စရာ မလို။

ကားတစ်စီးနှင့် ဘဏ်တိုးစားရင်း လွတ်လပ်စွာ လျှောက်သွားလျှောက်လာနေသူဖြစ်သည်။ သူ့ကိုတော့ အင်မတန် ခင်သည်။

"သူက ခြောက်ဘာသာ ပါတော့ မန္တလေး ဆေးတက်တယ်၊ ဆရာဝန်ဖြစ်နေပြီပေါ့ကွာ၊ သူတာဝန်ကျတဲ့မြို့ကို မိသားစုပါ လိုက်နေတော့ ငါ အဆက်အသွယ် ပြတ်သလို ဖြစ်သွားတယ်၊ ခုဆို တို့ ဝေးခဲ့တာ





ရှစ်နှစ်တောင် ကျော်ခဲ့ပြီ"

ဘီယာထပ်ငှဲ့၍ တဝက်ကျော်ကျော် မော့လိုက်သည်။ ဘုန်းမိုးက. . .

"မင်းဇာတ်လမ်းက အဆွေးဇာတ်လမ်းပဲကွ"

"အေးကွာ. . . ဇာတ်က ဇာတ်မသိမ်းသေးပါဘူး၊ မျှော်လင့်ချက် ရောင်ခြည်လေးတော့ ရှိနေသေးတယ်၊ နောက်မှ ငါပြောမယ်၊ ခက်တာက မားသားကြီးကွာ. . . မြေးချီချင်ပြီတဲ့၊

အိမ်ကို မသိမသာရော သိသိသာသာရော မိန်းမတစ်ယောက်ပြီးတစ်ယောက် ခေါ်ပြနေတာ ကြာပြီ၊ လှတာတွေ ပါ,ပါတယ်၊ ငါ တစ်ယောက်မှုကို စိတ်ဝင်စားလို့မရဘူး၊ ငါ့နှလုံးသားထဲ ဆူးတစ်ချောင်းလို စူးဝင်နေတာက နိုရာပဲ၊ ငါ အခု အရမ်းသတိရတယ်ကွာ၊ သူက လွဲပြီး ငါ ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူးဆိုတာ ငါ့ကိုယ်ငါပဲ သိတယ်"

"မိန်းမတစ်ယောက်ကို မင်း အဲ့သလောက် စွဲလန်းတတ်မယ် ငါမထင်ဘူး၊ အေး. . . ငါက မိန်းမတွေကို သိပ်စိတ်မဝင်စားတာလည်း ပါမှာပေါ့၊ မိန်းမဆိုတာ အကြောပြေဆေးလောက်ပဲ ငါက ထင်တာလေ"

"ဒါကြောင့် မင်းနဲ့ငါ အချစ်အကြောင်း မပြောဖြစ်ခဲ့ကြတာ ဘုန်းမိုး၊ မင်းမသိတဲ့အချစ်ဆိုတာ ဆန်းကြယ်တယ်ကွ"

ဘုန်းမိုးက မဲ့ပြုံးပြုံးသည်။ ဘီယာမော့သည်။ ရန်ကုန်ကနေ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သတိရ၍ လာလည်ရင်း ဘီယာလာသောက်ခြင်းဖြစ်၏။

"ငါက ဒီပရောဂျက် ပြီးမှ ခွင့်ရက်ရှည် ရမှာကွ၊ ငါ တော်တော်နဲ့ အားမှာ မဟုတ်သေးဘူး၊ အင်း. . . ငါ ဟိုဆက်ဒီဆက်နဲ့ နိုရာကျော် ပဲခူး(ဗဂိုး)ဆေးရုံ ရောက်နေတယ်လို့ သတင်းကြားတယ် သူငယ်ချင်း၊ လိပ်စာလည်း မသိဘူး၊ အဲ့ဒါ ပဲခူးဆေးရုံက ခြေရာခံပြီး မင်းစုံစမ်းပေးကွာ၊ သူ ဘယ်လိုအခြေအနေ ရှိသလဲ၊ ဖွဟဲ့. . လွဲပါစေ. . ဖယ်ပါစေ၊ အိမ်ထောင်တွေဘာတွေ ကျပြီလားပေါ့၊

သတင်းမေး အကဲခတ်ရုံ လိပ်စာသိရုံပါကွာ၊ မင်း ငါ့ကို ကူညီကွာ"

"ဪ. . . ငါက ထောက်လှမ်းရေး မြားနတ်မောင်ပေါ့"

"ကုသိုလ်ရပါတယ်ကွာ. . . ငါ အရမ်းအရမ်း အရေးကြီးပါတယ်ကွာ. . . ငါ့ဘဝအပြောင်းအလဲမို့ပါ"

"လုပ်ပေးရမှာပေါ့ကွာ. . . ဒီကအပြန် ငါဝင်လိုက်မယ်၊ မင်းက ပဲခူးဆေးရုံကို လှမ်းဆက်ရင် ပြီးတဲ့ဟာကို"

"မလုပ်ချင်ဘူးကွာ. . . သူ အပျိုဆိုရင် လူကိုယ်တိုင် သွားတွေ့ချင်လို့"

ဤသို့ဖြင့်. . . .





BURMESE CLASSIC .com

# ဘုန်းမိုးသွန်း

ပဲခူးဆေးရုံထဲ သူ့ကား မောင်းဝင်၍ ရပ်လိုက်သည်။ မနက် (၉း၃၀)နာရီသာ ရှိသေးသည်။ စုံစမ်းကြည့်တော့ သည်နေ့ ဒေါက်တာ နိုရာကျော် Duty off ဟု သိရသည်။ ကံအားလျော်စွာ သူမ၏ဆေးခန်း လိပ်စာ ရလိုက်သည်။ အိမ်လိပ်စာလည်း ရလိုက်သည်။

ဆေးခန်းက ပဲခူးဈေးအနီးတွင် ဖြစ်သည်။ အိမ်က လိပ်ပြာကန်ထောင့်တွင်ဖြစ်သည်။ ဆေးခန်းကို အရင်သွားကြည့်သည်။ ညနေ ခြောက်နာရီမှ ဖွင့်မည်ဟု ဆိုင်းဘုတ်အရ သိရသည်။ လိပ်ပြာကန်ဘက် မောင်းလာခဲ့သည်။

သူ့တွင် မှန်ပြောင်းနှင့် ထောက်လှမ်းရေးသုံး အသံဖမ်း အသံချဲ့ စလောင်းသေးသေးလေးနှင့် နားကြပ်အကောင်းစား ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ပလီဖိုင်ယာက သေးသေးလေး။

"ဟုတ်ပြီ. . . ဟိုရှေ့ကခြံပဲ"

ကားကို ကုက္ကိုပင်တစ်ပင်အောက် ရပ်၍ ခါးလွယ်ခုတ်လောက်မှ တိုက်အိမ်ကို အကဲခတ်သည်။ နှစ်ထပ်တိုက်က ဆေးအသစ် သုတ်ထားသည်။ ပန်းခြံနှင့် မြက်ခင်းစိမ်းစိမ်းကို စက်နှင့် ရိပ်ညှိထားပုံရသည်။ မြက်ခင်းပေါ်၌ ကြိမ်ထည် စားပွဲကုလားထိုင်တစ်စုံ ချထားသည်။

ထီးကြားခပ်ကြီးကြီး စိုက်ထူထားသည်။ သို့သော် တစ်ဖက်ခြံက သစ်ရိပ်က ကျနေသည်မို့ အလိုလို အရိပ်ရနေသည်။ နံနက်(၁၀)နာရီခန့်ထိ နှင်းက ကျနေသဖြင့် လိပ်ပြာကန်ရေပြင် အငွေ့ပျံနေဆဲ ဖြစ်သည်။ နှင်းမှုန်ဖြူဖြူနှင့် ရေငွေ့ရောနေသော မနက်ခင်းသည် အေးမြလှပနေသည်။ ကြည့်နေရင်း အပေါ်ထပ် အိမ်ဘေး ဝရံတာတံခါး ပွင့်လာသည်။ ဆွယ်တာအဖြူ ညဥ့်ဝတ်ဘောင်းဘီအပွနှင့် အမျိုးသမီးတစ်ယောက် ထွက်လာသည်။ လက်တွင် ဘီးလားမသိ တစ်စုံတစ်ရာ ကိုင်ထားသည်။

မှန်ပြောင်းလှမ်းယူ၍ Focus ညှိလိုက်သည်။ မိန်းမတစ်ယောက်၏ပင်ကိုယ်အလှကို အိပ်ယာအထတွင် ကြည့်မှ မြင်နိုင်သည်ဟု ကြားဖူးသည်။

ဟာ. . . လှလိုက်တာဟု သူ့ပါးစပ်မှ အလိုလို ထွက်ကျလာသည်။

မှန်ပြောင်းထဲ အနီးကပ် ပေါ်လာသော မျက်နှာဖူးဖူးလေးက





ထင်းကနဲ ရှင်းသန့်လွန်းပါသည်။ မျက်လုံးမျက်ခုံး၊ နှာတံ၊ ပါး၊ နှုတ်ခမ်း၊ မေးစေ့၊ လည်တိုင်. . အို. . နားရွက်လေးကအစ တစ်ခုချင်း လှနေပြီး ဖွဲ့စည်းတည်ဆောက်ထားသောအလှသည်လည်း သက်မ,ချရလောက်အောင်ပင် လှအားပါပေ့။

ခါးလယ်လောက် ရှိသော ညိုမောင်းအိထွေးသည်နှင့်အမျှ လက်လက်ထနေသောဆံပင်တွေကို ဝက်မှင်ဘီးနှင့် ဖီးသင်နေပုံလေးက ကဗျာဆန်လှသည်။ ခဏနေသောအခါ ဘီးကို လက်ရန်းပေါ် တင်၍. . .

အသက်ရှုလေ့ကျင့်ခန်း လုပ်နေသည်။ လက်ကား၍ ရင်ဖွင့်အသက်ရှူနေသမို့ မျဉ်းကွေးမျဉ်းကောက်မျဉ်းမို့မျှားက သူ အသက်ရှူဖို့ မေ့အောင်ပင် ဖြစ်ရသည်။ မိန်းမတစ်ယောက်ကို သူ သည်လောက် စေ့စေ့စပ်စပ် မသုံးသပ်ဖူးခဲ့။

ဒါကြောင့် ပိုင်သူ ဒီလောက်စွဲလန်းတာနေမှာပေ့ါဟု အတွေးဝင်လာသော်လည်း ချက်ချင်းပင် ထိုအတွေးကို မောင်းထုတ်ပစ်လိုက်ပါသည်။

ဆယ့်ငါးကြိမ်ခန့် အသက်ရှူပြီး ဘီးကောက်ကိုင်ခါ ဆံပင်ကို တစ်ချက်နှစ်ချက် သပ်ပြန်သည်။ ရပ်ထားသော သူ့ကားကို တစ်ချက် လှမ်းကြည့်သည်။ သူ လန့်၍ မှန်ပြောင်းကနေ မျက်လုံးကို ခွာလိုက်မိသည်။ နောက်မှ ရောင်ပြန်မှန်ကာထားသောအဖြစ်ကို သတိရပြီး မှန်ပြောင်းထဲ ပြန်ကြည့်သည်။ အပြင်တွင် ဆယ့်လေးလက်မအကွာမှ



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းချင်းဆိုင်၍ ထိုင်ကြည့်နေရသလို ရင်ထဲ တဒိတ်ဒိတ် မြည်လာသည်။

"အို. . . ဒါ ရင်ခုန်တယ်ဆိုတာလား"

မှန်သည်။ သူ့ရင်ခုန်သံ သူပြန်ကြားနေရသည်။

သူ ရင်ခုန်ဖူးပြီဖြစ်သည်။ အရသာရှိလှပါကလားလေ။

ဝရံတာမှ နိုရာ ပျောက်ကွယ်သွားသည်။ ရင်ထဲမှာ ဟာကနဲဖြစ်သွားသည်။ ချက်ချင်းပင် လွမ်းဆွတ်လာသည့်ဝေဒနာ ရင်ထဲ ရောက်လာသည်။ ငါ ဘယ်လိုဖြစ်တာပါလိမ့်။ သည်နေရာကလည်း ဘယ်မှ မသွားချင်အောင် ဖြစ်လာသည်။

ပြတင်းပေါက်ကို မှန်ပြောင်းချိန်ကြည့်သည်။ လူကြီးလူကောင်း မဆန်မှန်း ဘာသာသိသော်လည်း ခန်းဆီးခပ်ပါးပါးနှင့် ပြတင်းမှန်ကို ဖြတ်၍ သူမအရိပ်ကို ခပ်ဝါးဝါး မြင်နေရ၏။ အင်္ကျီလဲနေခြင်းဖြစ်သည်။

ခဏအကြာတွင် အိမ်အောက်ရှိ တံခါးမကြီးမှ ထွက်လာသည်။ အားကစား ဘောင်းဘီတိုနှင့် Sport-shirt နှင့် မြက်ခင်းပြင်ဆီ လာနေသည်။ ကက်ဆက်တစ်လုံးလည်း လက်ထဲ ဆွဲလာသည်။ ကြိမ်စားပွဲပေါ် ကက်ဆက်တင်၍ ခလုတ်နှိပ်သည်။ လှပစွာ အေရိုးဗစ် ကစားတော့သည်။

သူ အသံသဲ့သဲ့သာ ကြားနေရသဖြင့် စလောင်းလေးကို ကားဒက်ရှ်ဘုတ်ပေါ် လိုအပ်သလို ချိန်၍ နားကြပ်တပ်လိုက်သည်။ ဂျိန်းဖောင်ဒါ၏အခွေနှင့် လှပစွာ ကခုန်နေသော နတ်မိမယ်လေးကို သူ





ရှုမဝ ကြည့်မဝ ဖြစ်ရပါတော့သည်။ ခုမှ သတိရသည်။ သူ့ Hand-set နှင့် မှန်ပြောင်းတစ်ဖက်ကို ချိန်သားကိုက် ကပ်၍ရိုက်သည်။ တစ်ပေါက်က မျက်စေ့နှင့် ကြည့်သည်။ မကြာခင် ကောင်လေးတစ်ကောင် သံပုရာရည်ဖန်ခွက်နှင့် ထွက်လာပြီး ကက်ဆက်ဘေး ဖန်ခွက်လာချသည်။

ပိုင်သူပြောသော သူ့မောင် ဂေါက်လေးဖြစ်မည်။ လက်ခုပ်လိုက်တီးပေးနေသည်။ တအောင့်နေတော့ အိတ်ထဲက တင်းနစ်ဘောလုံးထုတ်၍ ခုန်ဆွခုန်ဆွ လိုက်ပုတ်ကစားနေသည်။

မကြာခင် သူ့မေမေ ဖြစ်နိုင်ချေရှိသော ခပ်ဝဝ မိန်းမကြီး ထွက်လာပြီး ကြိမ်ကုလားထိုင်တွင် ကော်ဖီခွက် ကိတ်မုန့်တစ်ထပ်ကြီးနှင့် လာထိုင်သည်။ ခွေးလေး ခုန်တက်လာသည်။

"မာမီ မုန့်အချိုတွေ အများကြီး မစားနဲ့လေ"

"သမီး အေရိုးဗစ်ပြီးရင် စားဖို့ပါ၊ မာမီက တစ်ချပ်စားမှာပါ"

"ကော်ဖီမှာကော သကြားလျှော့ထားရဲ့လား"

"လျှော့ထားပါတယ် ဆရာဝန်မရယ်"

"သမီး နေ့လည်စာ ဖိုက်သရီးဟော်တယ်မှာ ရန်ကုန်က သူငယ်ချင်းတွေနဲ့ သွားစားမှာ မာမီ၊ မာမီ မောင်လေးကို ရအောင် ထမင်းခွံ့ပေးပါ"

အေး. . ဟု ပြောရင်း တယ်ရီယာလေးကို ကိတ်ခွံ့နေသည်။ မကြာခင် အေရိုးဗစ် ပြီးသွားသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိတ်မုန့်တစ်ချပ် ကောက်စားပြီး သံပုရာရည်နှင့် မျှောချနေသည်။ ခွေးသီးလေးများကို တဘက်အသေးလေးနှင့် သုတ်နေသည်။ ဘာမှလိမ်းခြယ်ထားခြင်း မရှိသော နဂိုအလှကို သူ အနီးကပ် ကြည့်နေမိသည်။

"သူတို့ (၁၁)နာရီခွဲ ဖိုက်သရီးဟော်တယ်ကို ရောက်မယ်တဲ့၊ သမီးရေချိုးတော့မယ်၊ ကားယူသွားမယ်နော်"

"သမီးဒယ်ဒီကို ပြောလိုက်ဦး"

မြင်ကွင်းက နိုရာကျော် ပျောက်သွားသည်။ သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ကားကို စက်နှိုး၍ မောင်းထွက်လာခဲ့သည်။ ဖိုက်သရီးဟော်တယ်ကို ဖြစ်သည်။ ရောက်သောအခါ အကောင်းဆုံးအခန်းတစ်ခန်းကို ယူလိုက်သည်။ ခရီးဆောင်အိတ်ကို ဝန်ထမ်းလေးက လိုက်ပို့သည်။ ခဏနားပြီး ရေမိုးချိုးပြီး ရှပ်အင်္ကျီအကောင်းစားနှင့် စတိုင်ဘောင်းဘီအရောင် လိုက်ဖက်အောင် ဝတ်၍ အင်္ကျီအဝါနုနှင့် လိုက်ဖက်မည့် ဘောင်းဘီအညိုနက်ရောင်ကို နက်ကတိုင်ကို စိန်ရင်ထိုးနှင့် စည်းနှောင်လိုက်သည်။

မှန်ထဲ ကြည့်လိုက်သည်။ ဖြူဥ ဝင်းလက်နေသော သူ၏ အသားအရည်တွင် အသောက်များသူတို့ ထုံးစံအတိုင်း မသိမသာ နီတွတ်တွတ်နှင့် အနည်းငယ် ပွနေသောမျက်နှာကို နေဗီးယား အနည်းငယ် ပွတ်လိမ်းလိုက်မှ ဖွေးသွားသည် ထင်သည်။ သူ့ကို ရင်းနှီးသူတွေက လွင်မိုးကို လေနည်းနည်းလျှော့ထိုးထားတဲ့ကောင်ဟု စကြသည်။





သူ့ရုပ်ရည် သူ့ဓနကြောင့် သူကြိုက်ရွယ်လိုက်သော ဘယ်မိန်းမမဆို သူ့နောက် ပါလာသည်ချည်းဖြစ်သည်။ ထို့ကြောင့် ဘယ်မိန်းမမှ သူအထင်မကြီးခဲ့။ သည်တစ်ခါတော့ တွေ့တွေ့ချင်းပင် (အရပ်သုံးစကားနှင့်) ဟတ်ထိလေပြီတည်း။

နာရီကြည့်သည်။ သူတို့စကားအရ (၁၁)နာရီခွဲမှ ရောက်လာကြမည်တဲ့။ ခု (၁၁)နာရီပင် မထိုးသေး။ T.V ဖွင့်၍ ထိုင်ကြည့်နေလိုက်သည်။ (၁၁)နာရီခွဲတိတိမှာမှ သူ အိပ်ခန်းထဲက ထွက်လာခဲ့သည်။ ဓါတ်လှေခါး ရှိသော်လည်း ရိုးရိုးလှေကားမှပင် သူ အချိန်ဖြုန်းသောအားဖြင့် ခပ်ဖြည်းဖြည်း ဆင်းလာခဲ့သည်။

သူမတို့ ရောက်နေပြီး နေရာယူထားသည်ကို မြင်လိုက်သည်။ သို့မှသာ လိုအပ်သလို နေရာယူနိုင်မည်ဖြစ်သည်။ အောက်ထပ် စားသောက်ခန်းထဲ သူရောက်လာသည်။ ယောကျ်ားလေးတစ်ယောက်မှ မပါသော သူတို့ဝိုင်းက စားပွဲနှစ်လုံး ဆက်၍ စတင်နေပြီဖြစ်သည်။

သူမနှင့် အနီးဆုံးစားပွဲကို သူရွေးချယ်၍ ဘေးတိုက်အနေအထား ထိုင်လိုက်သည်။ ဟိုက်ကော်မရှင်နာ အစိတ်ပြားနှင့် ဘီယာနှစ်ဗူး မှာလိုက်သည်။ ဟင်းချိုနှင့် ကုန်းဘောင်ကြီးကြော် မှာသည်။ စကားဝိုင်းကို နားစွင့်သည်။

"နိုရာ. . . မင်း ကျောင်းတုန်းကလည်း ရည်းစားမထား၊ ခုလည်း ချစ်သူမရှိနဲ့၊ မင့်အလှနဲ့ မင်းအရွယ်ကို တို့ ဘေးကနေ နှမြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မတွေနော်. . . ရွှေမော်ထောဘုရားအကြောင်း ပြောတာ ပိုကောင်းမယ်ထင်တယ်"

သာယာနာပျော်ဖွယ်ကောင်းသော သတင်းစကားဟု သူက တော့ ယူဆလိုက်သည်။ တစ်ယောက်ကတော့. . .

"ငါကတော့ ပဲခူးသူအစစ်နော်၊ နိုရာ့ဆေးခန်းကို ဘာရောဂါမှ မယ်မယ်ရရ မရှိဘဲ လာလာပြနေတဲ့ ပဲခူးမျက်နှာဖုံးသူဌေးကို သိတယ်၊ နိုရာ့ကို လာရစ်နေတာ. . .

ဇိမ်ခံကားသုံးစင်း ရှိတယ်ဟာ၊ တိုက်ကြီးကလည်း နန်းတော် အတိုင်းပဲ ဟီးနေတာ"

"အဲဒီဇိမ်ခံကားပေါ်မှာ သေသွားတဲ့မယားကြီးရဲ့ ကလေးသုံး ယောက် တက်ထိုင်နေတာလည်း ထည့်ပြောဦး မိသန္တာ၊ သူ့နန်းတော်ထဲ မှာလည်း သူ့ခြေတင်တဲ့ ရုံရွှေတော် အိမ်ဖော်တွေက တမြုံတမကြီးဟဲ့၊ ငါ့ကို ဘယ်အချိန် ပွဲတော်အုပ်ထဲ အဆိပ်ခတ်မလဲ တထိတ်ထိတ်ဖြစ်နေ ရမယ့်ကိန်းဟ"

"ညည်းက သိပ်အသက်ကြီးတာ မကြိုက်တာလည်း ပါ,ပါတယ် ဟာ၊ ကျောင်းတုန်းကလည်း ကျိုကျိုတက် ချမ်းသာတဲ့ ပါမောက္ခ လူပျိုကြီးတစ်ယောက်ဆို ခန့်ခန့်ချောချောကြီးပါဟယ်၊ နိုရာ့ကို လိုချင် လိုက်တာများ အသေရရ အရှင်ရရ ဖြစ်နေတာ"

တစ်ယောက်က ထဖောက်သည်။

"အရှင်ရရင်တော့ ဘာလုပ်မလဲ မသိဘူး၊ အသေရရင်တော့





ဒီမွန်စတေးရှင်း လုပ်ဖို့ ကျောက်စားပွဲပေါ် လုံးတီးပစ်တင်ထားမှာ မြင်ကြည့်လိုက်ကြ"

တဟားဟား ဝိုင်းရယ်ကြသည်။

"တို့ 3rd.M.B တုန်းက နိုရာ့ကို အရူးအမူးဖြစ်တဲ့ ဟိုပရာဒိုနဲ့ ကျောင်းတက်တဲ့ ဂျူနီယာလေးလေ. . အခု မင်းသားတောင် ဖြစ်နေပြီ၊ နိုရာမို့ ငြင်းတယ်. . တို့ဆို. . "

"ငယ်ရင် ချီရတယ်တဲ့၊ အတော်လေးမယ့်အရပ်ကြီး အရှည် ကြီးဟ၊ (၅)ပေ(၁၁)လက်မဟဲ့"

တစ်ယောက်က. . .

"ဟုတ်ပ့ါ. . . ယောက်ျားဆို တိုတိုတုတ်တုတ်မှ"

"ဝါး. . ဟား. . ဟား"

"ဟဲ့. . . ရွှေမော်ထောဘုရားအကြောင်း ခုထိမရောက်သေး ဘူး၊ ကောင်မတွေနော်. . . ဘေးဘီလည်း ဂရုစိုက်ဦး"

သူ့ကို မသိမသာ ဝိုင်းရှုံ့သည်။ သူ မသိဟန်ဆောင်၍ ဟင်းချို ခပ်သောက်သည်။ သည်လိုပါပဲ၊ ယောက်ျားတွေ စုမိလျှင် မ,အကြောင်း ပြောမည်။ မိန်းမတွေ စုမိလျှင် ကျားအကြောင်း ပြောကိုပြောပေမည်။

"ကိုယ့်အချစ်ရေး အိမ်ထောင်ရေးထက် ရှမ်းပြည်နယ်ပြောင်းဖို့ ပဲ ကြိုးစားနေတယ်၊ တောင်ကြီးမှာ ဗေကင်ရှိတယ်လို့ ကြားတယ်"

"တို့လည်း မင်း ပြောင်းဖြစ်အောင် ဆုတောင်းပေးနေပ့ါမယ်၊ တို့အတွက်တော့ ရှမ်းချောချောလေးတွေ ပါဆယ်နဲ့ ပို့လိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ဒီညနေ ဒိုင်းမွန်းစီးတီးဖွင့်ပွဲ ရှိတယ်၊ နိုရာ့ကို ဖိတ်ထားလားဟင်"

"ဖိတ်ထားတယ်. . . ဒါပေမယ့် နိုရာ မသွားနိုင်ဘူး၊ တင်းနစ်ရိုက်စရာ ရှိသေးတယ်၊ ဘုရားလမ်းကွင်းမှာ ရှိနေမယ်"

သူ ဝမ်းသာသွားသည်။ သူလည်း တင်းနစ်သမားဖြစ်သည်။ ကားထဲမှာ ရက်ကက်နှင့်ဘောလုံးဗူး ပါလာသည်။ နိုရာနှင့် နီးစပ်အောင် တင်းနစ်သွားရိုက်မည်။ အသင်းဝင်မည်။ စီမံကိန်းတစ်ခုလို စနစ်တကျ ချဉ်းကပ်အကောင်အထည်ဖော်မည်။ ဖြစ်နိုင်လျှင် အိမ်ကောင်းကောင်းတစ်လုံး ပဲခူးတွင် ရှာမည်။

ပျော်ပျော်ပါးပါး စားသောက်နေသော Dr. နိုရာကျော်ကို ကျောဘက်က သူ ဘေးတိုက် ခိုးခိုးကြည့်မိသည်။ အိနေအောင် လှပါသည်။

သူမ ပြောနေသောစကားများထဲမှ သူမ ကြိုက်တတ်သည်များ၊ သူမ မကြိုက်တတ်သည်များကို သူ ခရေစေ့တွင်းကျ လိုက်လံမှတ်သားနေမိသည်။ အစားအသောက်၊ မဂ္ဂဇင်း၊ အဆိုတော်၊ မင်းသားမင်းသမီး၊ သီချင်းအမျိုးအစားနှင့် အကြိုက်ဆုံးရုပ်ရှင်များအကြောင်း အတော်စုံပါသည်။ သူ နာမည်တောင် မကြားဖူးသော ပြည်ပစာရေးဆရာများ၏ စာအုပ်များလည်း ပါသည်။

သူမတို့အုပ်စု စားသောက်ပြီး ငွေရှင်း၍အထမှာတော့ သူ့ဘက် မသိမသာ ဝေ့ကြည့်လာနိုင်သဖြင့် ဝီစကီပုလင်းပြားလေးကို





ရေဗူးနှင့် မသိမသာ ကာလိုက် ကွယ်လိုက်မိသည်။

လုံချည် တင်းခနဲ ပြင်ဝတ်သည်ကို မျက်လုံးထောင့်က မြင်ဖြစ်အောင် မြင်ပြီး ရင်က ထခုန်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



**နေ**ပြည်တော်ရှိ ပိုင်သူ၏အိမ်ဖုန်း မြည်လာ၏။

“ဟဲလို. . . ပိုင်သူ ပြောနေပါတယ်”

“ငါပါ ပိုင်သူ. . . ဘုန်းမိုးပါ”

“ဟာ. . . ဝမ်းသာလိုက်တာ သူငယ်ချင်း၊ အခု မင်း ဘယ်က ဆက်နေတာလဲ၊ မင်း. . မင်း နိုရာ့ကို တွေ့လားဟင်၊ သူ့အခြေအနေ ဘယ်လိုရှိလဲဟင်၊ သူ ချစ်သူရှိနေပြီလား၊ အိမ်ထောင်ရှိနေပြီလား”

“အသက်လည်း ရှူပါဦးကွာ၊ ငါလည်း လက်ရှိအခြေအနေကို ပြောပြမလို့ ဆက်နေတာပါ၊ အခု ငါ ရန်ကုန်ပြန်နေပြီကွ၊ အင်းတကော် စားသောက်ဆိုင်က ဆက်နေတာ၊ မင်း နိုရာတစ်ယောက်တည်းသာ မိန်းမလို့ ထင်ရင်တော့ ပရိက္ခရာရှစ်ပါး ငါလှူမယ်၊ ဘုန်းကြီးသာ ဝတ် လိုက်တော့”





“ဘာ. . ဘာဖြစ်လို့လဲ ဘုန်းမိုး”

“တိုတိုနဲ့ လိုရင်းပြောရရင်တော့ ပဲခူးက ဟိုက်ဘော့စ် မုဆိုးဖို တစ်ယောက်နဲ့ လက်ထပ်ထားတယ်၊ မင်းနိုရာက ပေါင်(၁၆၀)လောက် ရှိတဲ့ အဆီရစ်နေတဲ့ ဖက်တီးဝတုတ်ကြီး ဖြစ်နေပြီကွ၊ မင်းစိတ်ကုန်သွား မယ်”

“ဟာ. . ဟုတ်ရဲ့လားကွာ၊ မင်းဟာက. . . ”

“နိုရာကို မေ့လိုက်တော့၊ ငါလည်း ခရီးဆက်ရဦးမယ်၊ ကောင် လေး. . . ဒီဝိုင်းရှင်းမယ်ဟေ့”

ဘယ်သူမှ မရှိသောအခန်းထဲ ဘုန်းမိုး ဖုန်းပစ်ချလိုက်ပြီး အား ကစားဝတ်စုံနှင့် ဟိုတယ်မှ ဆင်းလာခဲ့၏။

မနေ့က ဘုရားလမ်းကွင်းတွင် သူ တင်းနစ်အသင်း သွားဝင် သည်။ ရန်ကုန်သိမ်ဖြူကွင်းရှိ အသင်းဝင်ကဒ်ကို ပြလိုက်သောအခါ ဂျိုင်းထောက်နှင့် တာဝန်ခံ စာရေးလေးက. . .

“ဟ. . . အစ်ကိုက မြို့နယ်အဆင့်ပဲ၊ အခု ပဲခူးကို ပြောင်းလာ လို့လား”

“ဆိုပါတော့ကွာ”

အသင်းစည်းစမ်းနှင့် ဝင်ကြေး၊ လစဉ်ကြေးကိစ္စများကို စကြာ ဟု နာမည်ပြောသော ဂျိုင်းထောက်နှင့် စာရေးလေးက အားတက် သရော ဆောင်ရွက်ပေးသည်။

ပုံစံဖြည့်ရာတွင် အလုပ်အကိုင်နေရာတွင် King Cross အက်



www.burmeseclassic.com

www.burmeseclassic.com



အထည် ကိုယ်စားလှယ်ဟု ရေးထည့်လိုက်သည်။ လိပ်စာကိုတော့ ခေတ္တ ဖိုက်သရီးဟော်တယ်ဟုပင် ရေးလိုက်သည်။

ပြီးတော့ စကြာနှင့်ပင် ကွင်းအခြေအနေကို လျှောက်ကြည့်သည်။ အားကစားဝတ်စုံ ရက်ကက်နှင့် ဘောလုံးဗူး ကားထဲ အသင့်ပါလာသော်လည်း သူ မဝတ်သေး။ အိတ်ထဲ ထည့်လွယ်လိုက်သည်။

နိုရာနှင့် အမျိုးသားတစ်ယောက် ကစားနေသည်ကို ပရိသတ်အဖြစ် စင်ပေါ်က ထိုင်ကြည့်နေခဲ့ကြသည်။ နိုရာဟန်က ရှာရာဗိုပါစတိုင်လ်ကို အားကျပုံရသည်။ စပေးဘော အလွန်ကောင်းသည်ကို တွေ့ရသည်။ ဂါဝန်တိုနုံ့နုံ့လေးနှင့် အင်မတန် လှပသောပေါင်တံနှင့် ခြေသလုံးသား ဝင်းဝင်းမွတ်မွတ်ကို တဝကြီး ကြည့်ခွင့်ရနေသည်။ သူမ အမှတ်တက်စဉ် စကြာရော သူပါ လက်ခုပ်တီး အားပေးမိသည်။

စကြာကို နိုရာက ရက်ကက်ထောင်၍ ပြုံးပြသည်။ စကြာက လက်ထောင်၍ ပြန်နှုတ်ဆက်သည်။

"ညီလေး. . . မင်းနဲ့ အဲ့ဒီအမျိုးသမီးနဲ့ ခင်လား"

"သိပ်ခင်တာပေါ့. . . မမနိုရာက ဒေါက်တာဗျ၊ ကျွန်တော်က ဦးလေး ဆေးဆိုင်မှာလည်း ညပိုင်း ဆေးရောင်းတယ်၊ တင်းနစ်ကွင်း စာရေးမလုပ်ခင်ကတည်းက ခင်တာ၊ မမနိုရာက သိပ်သဘောကောင်းတယ်၊ ပွင့်လင်းတယ်၊ ဒီအလုပ်လည်း သူပဲ ပြောပေးထားတာ၊ ကျွန်တော့်လို ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတကိုလည်း အမြဲအားပေးတယ်"

"ဖောင်း. . ."





"ဟား. . ဟား. . မမနိုရာ နိုင်ပြီ"

"ဖျောင်း. . ဖျောင်း. . ဖျောင်း"

"အစ်ကိုနဲ့ မိတ်ဆက်ပေးကွာ၊ တစ်ပွဲလောက် ရိုက်ကြည့်ချင်တယ်"

"ဖြစ်ပါတယ်. . . မမနိုရာက အိမ်ရှင်ပဲ၊ ဘယ်ဧည့်သည်နဲ့မဆို ရိုက်တယ်၊ နေဦးဗျ. . . နောက်တစ်ပွဲ ကိုကျော်ခေါင်နဲ့ ကျန်သေးတယ်"

"အေးပါ. . . ပြီးမှ ရိုက်ဖို့ မိတ်ဆက်ပေး. . . ဟုတ်လား"

"ဒီပွဲပြီးရင် ကိုကျော်ခေါင်နဲ့ စမ်းကြည့်ပါလား၊ သူလည်း မြို့နယ်ချန်ပီယံပဲ"

"မြို့နယ်ချန်ပီယံကလည်းကွာ"

"အစ်ကိုကလည်း မပေါက်ဘူးဗျာ၊ ကိုကျော်ခေါင်က မမနိုရာကို ကြိုက်နေတာဗျ၊ လှလှပပ အရှုံးပေး ရိုက်နေတာ"

"ဩော်. . ဩော်. . ဒီလိုလား. . ဟင်း. . ဟင်း၊ ဒါဆို နှစ်ယောက်စလုံးနဲ့ မိတ်ဆက်ပေး၊ ဧည့်သည်မင်ဘာအသစ်ကို ဘယ်သူ မိတ်ဆက် လက်ရည်စမ်းမလဲဆိုတာ သူတို့သဘောပေါ့ကွာ"

နောက်တစ်ပွဲလည်း နိုရာကျော်ကပင် ကပ်၍နိုင်သည်။ စကြာက မိတ်ဆက်ပေးသည်။

"ကိုကျော်ခေါင်နဲ့မမနိုရာ မိတ်ဆက်ပေးချင်လို့ပါခင်ဗျာ၊ မင်ဘာအသစ်ပါ၊ သိမ်ဖြူကွင်းမှာ မြို့နယ်အဆင့်လို့ သိရတဲ့ ကိုဘုန်းမိုး



www.burmeseclassic.com

www.burmeseclassic.com



သွန်းတဲ့၊ ဒါက ပဲခူးက ရာရာဗိုပါ Dr. နီရာကျော်ပါ၊ သူက အားကစား ပစ္စည်းဆိုင်ပိုင်ရှင် ကိုကျော်ခေါင်ပါ"

"Play mate တိုးတာပေါ့ရှင်၊ ဝမ်းသာပါတယ်. . . warmly welcome ပါ"

လက်ထုတ်လာသဖြင့် အိစက်စက် လက်ကလေးကို ကိုင်တွယ် လှုပ်ယမ်းခွင့် ရသည်။ ကိုကျော်ခေါင်က လက်ကမ်းရင်း. . .

"ပဲခူးကို ပြောင်းလာတာလား"

"ဆိုပါတော့ဗျာ. . . အလုပ်တာဝန်လည်း ပါပါတယ်၊ ကဲ. . . ဘယ်သူနဲ့ လက်စမ်းခွင့်ပြုမလဲ"

"ကဲပါ. . . ကျွန်မ ခဏနားပါရစေ၊ ကိုကျော်ခေါင်နဲ့ အရင် စမ်းကြပါ"

သူ အဝတ်လဲခန်း ဝင်၍ ဝတ်စုံဝတ်သည်။ သွေးပူလေ့ကျင့်ခန်း အနည်းငယ် လုပ်၍ အဝတ်လဲခန်းမှ ထွက်လာသည်။

ကိုကျော်ခေါင်နှင့်နီရာက Coke သောက်ရင်း သူ့ကို စောင့်နေ သည်။ နီရာက အမှတ်ရေဒိုင်ဝင်လုပ်ပေးသည်။

ကိုကျော်ခေါင် တကယ်ရိုက်သောအခါ အတော်လက်စွာမှန်း သိရသည်။ သူ အသောက်အစား များထား၍ အပြင်းအထန် ကာကွယ် ဆယ်တင်နေရသည်။ ခဏအကြာ၌ သက်လုံပြန်ဝင်လာသည်။

နီရာရှေ့တွင် သူ ရှုံးသူ ဘယ်လိုမှမဖြစ်ချင်ပါ။ တွေ့တွေ့ချင်း နီရာ အထင်ကြီးတာကိုပင် လိုချင်ပါသည်။ သိပ်မကြာခင် ကိုကျော်ခေါင်





၏အားနည်းချက်ကို သူသိလာသည်။ စပေးဘောနှင့် စမက်ရှ်ဘောတွေ ကောင်းသော်လည်း သူ တို့ဆိတ်လိုက်သော ပိုက်ကျော်ရုံ ဘောလုံး တွေကို မဆယ်နိုင်မှန်း သိလာသည်။ အတို့အဆိတ်က သူ၏အားသာ ချက်လည်း ဖြစ်နေသည်။ ပထမပွဲငယ်တွင် သူ တစ်မှတ်ကပ်နိုင်သည်။

"ဖျောင်း. . ဖျောင်း. . ဖျောင်း"

"ကြိုက်သွားပြီ ကိုဘုန်းမိုးသွန်း၊ သိမ်မွေ့စခန်းထွက်တွေရဲ့ လက် ဟာ အဲ့သလို ဖြစ်နေရမှာပေါ့ရှင်. . . ကွန်ဂရက်ကျူလေးရှင်း"

ပထမဆုံး အထင်ကြီးစကားတော့ သူရလိုက်ပေပြီ။ ဟောဟဲ ကြားက သူ သွားဖြဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲမစခင် ပိုက်ခြား၍ ကစားသမားနှစ်ဦး ထုံးစံအတိုင်း နှုတ်ဆက်ကြသည်။ နိုရာက နှစ်ကိုယ်ကြား ကပ်ပြောလာသည့်စကားက. .

"ကိုကျော်ခေါင်လို ပိုးကြေးပန်းကြေးနဲ့ တမင်အရှုံးပေး ရိုက်တာမျိုးကို နိုရာလို အားကစားသမားက မကြိုက်ဘူးဆိုတာ အားကစားစိတ်ဓါတ်နဲ့ အသိပေးပါတယ် လူကြီးမင်းရှင့်"

"ဟင်း. . ဟင်း. . ဘုန်းမိုးသွန်းဆိုတဲ့လူကလည်း ကစားကွင်းထဲမှာ လိင်မခွဲပါဘူး၊ နိုင်ချင်လို့ ပြိုင်တာပါခင်ဗျာ"

"ကြိုက်သွားပြန်ပြီ. . ကဲ. . ဆာဗင်လုမယ်"

"မလုပါနဲ့. . . လေဒီဖတ်စ်ပဲ၊ Dr. နိုရာကျော် စပေးဘောယူပါ၊ ကျွန်တော် လက်ကုန်ရိုက်မှာမို့ပါ"

တကယ်လည်း သူ အစွမ်းကုန်ပင် မညှာတမ်း ရိုက်ပစ်လိုက်





သည်။ နိုရာကို မောင်းသလိုကို ရိုက်ပစ်လိုက်သည်။ ချွေးတွေ ရွှဲနစ်၍ ဟောဟဲလိုက်သွားသည်။ အမှတ်ပြတ်နှင့် ပွဲသိမ်းသည်။

ပွဲသိမ်းနှုတ်ဆက်သောအခါ. . .

"ကျေးဇူးပါပဲ. . . ကျွန်မ ချွေးထွက်ချင်နေတာ၊ အရင်ပွဲမှာ ချွေးမထွက်လိုက်ဘူး၊ ကွန်ဂရက်ကျူလေးရှင်းပါရှင်"

"သင့်ခ်ယူ. . . ကျွန်တော် အအေးလိုက်တိုက်ပါ့မယ်"

ချွေးတွေ နစ်၍ အဝတ်တွေနှင့် အသားကပ်နေသော ဝင်းဝင်းအိအိ အစ်နေသောအလှကို ကသိုဏ်းအနီးကပ် ရှုခွင့်ရပြန်သည်။

အနီးကပ် ကြည့်သောအခါ K.C ခေါ် King Cross စပို့ရှပ်နှင့် ဘောင်းဘီစကတ်များ ဖြစ်နေ၍ Coke ဖောက်သောက်ရင်း ချွေးသုတ်ရင်း နိုရာက. . .

"ကျွန်မက မိန်းမဆိုတော့ စပ်စုရဦးမယ်၊ ကိုဘုန်းမိုးသွန်းက"

"ခင်မင်သူတွေက ဘုန်းမိုးပဲ ခေါ်ပါတယ် Dr. နိုရာကျော်"

"ကျွန်မနဲ့ ရင်းနှီးသူတွေကလည်း နိုရာလို့ပဲ ခေါ်ပါတယ်ရှင်"

"ကဲ. . . အခုန စပ်စုခန်း ဆက်ပါဦးဗျာ"

"ပဲခူးကို ဘာလာလုပ်တာလဲဟင်"

အင်း. . . မင်းကို ရအောင်ယူဖို့ ရောက်ရှိလာတာပေါ့ဟု စိတ်က အားရပါးရ ပြောလိုက်မိသည်။

ပါးစပ်ကမူ. . .

"အလုပ်ကိစ္စပါ နိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများ လုပ်ကိုင်စားသောက်ပါသလဲရှင်"

"King Cross အေးဂျင့်ထောင်ထားပါတယ်၊ ပဲခူးက လက်ခွဲအေးဂျင့်တွေ အခြေအနေကို လာအကဲခတ်တာပါ"

"ဒီမှာတွေ့လား. . . နိုရာလည်း King Cross ခရေဇီလေ"

"ကျေးဇူးတင်ပါတယ်. . . K.C လက်ဆောင်ပေးပါဦးမယ်၊ ကဲ. . . နောက်တစ်ပွဲ အဆင်သင့်ဖြစ်ပြီလား"

"ကျွန်မ ဆေးခန်းထိုင်ရဦးမှာမို့ နောက်နေ့ပေါ့ရှင်၊ ကဲ. . . ခွင့်ပြုပါဦး"

ကိုကျော်ခေါင်က ဘီယာကြေး စိမ်ခေါ်လာသည်။ သူက မငြင်းပါ။ ရိုက်ရင်း ကျန်ခဲ့သည်။

သူ့ကားကို Dr. နိုရာကျော် အံ့သြသောမျက်နှာနှင့် ကြည့်သွားသည်ကိုတော့ သူ မသိလိုက်တော့ပေ။





သည်ကနေ့တော့ နိုရာကျော် Duty ဝင်နေသည်တဲ့။ Duty ဆင်းလျှင် ဆေးခန်းတန်းသွားမည်ဟု စကြာထံမှ သိရသည်။ ကိုကျော်ခေါင်လည်း ဖွန်ကြောင်စရာ မရှိတာကိုသိသည်ထင့်။ မလာ။ သူ ဘီယာဆိုင် မောင်းခဲ့သည်။ လွမ်းလို့သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## "တို့လူ"

- ရယ်ဒီ
  ဝမ်း..တူး..သရီး..
  နိုင်း...
  မွမ်း..မွမ်း..မွမ်း..
  မီတာငါးဆယ်
  ဆယ်ယောက်ပူး
  အလွတ်ကူးပြိုင်ပွဲ..၊
- တို့လူ ဟိုမယ်
  ဟယ်..နံပါတ်တစ်ဆယ်..
  ဟ..ဟ..လုပ်ကြပါဦး..
  တစုန်းစုန်းနဲ့ တို့လူ..
  ရေနစ်နေတယ်...
  (ဩော်..)ဖြစ်ပုံပြောပါတယ်။ ။



"အဲ့ဒါပဲ အစ်ကိုဒေါင်း၊ သူငယ်ချင်းဘုန်းမိုးကို စုံစမ်းခိုင်းတော့ ပဲခူးက မုဆိုးဖိုဘော့စ်နဲ့ အိမ်ထောင်ကျပြီး ပေါင်(၁၆၀)လောက် အဆီရစ်ပြီး ဝကစ်နေပြီတဲ့၊ ဒီကောင် တစ်ခါတစ်လေ အတည်ပေါက်နောက်တတ်တယ်၊ ပြီးတော့ ဘုန်းမိုးက ဘာကိုမှ သိပ်အလေးအနက်ထားတတ်တာ မဟုတ်ဘူးဗျာ၊ သူ ပဲခူးမသွားဘဲ မစုံစမ်းဘဲ ပြီးပြီးရောပြောချလိုက်တာလည်း ဖြစ်နိုင်တယ်၊ ကျွန်တော့်စိတ်ထဲ သူ အိမ်ထောင်မပြုသေးဘူးလို့ပဲ ထင်နေတယ်"

"ဘုန်းမိုးကို အစ်ကိုမြင်ဖူးပါတယ်၊ အစ်ကို့အမြင်တော့ ဒီကောင်က သူ့ကိုယ်သူ အရမ်းသ,တယ်၊ ကော့ပျံနေအောင် နေတတ်တယ်၊ အဲဒီလိုလူမျိုးဟာ မိန်းမ Scene ရှိတယ်၊ ဘယ်လိုပြောမလဲ၊ မိန်းမညာဏ် သုံးတတ်တယ်၊ အင်္ဂလိပ်စာအုပ်က ပြောတာပါ၊ မှားချင်



www.burmeseclassic.com

www.burmeseclassic.com



မှားနိုင်တယ်ပေါ့ကွာ"

လာချပေးသော နို့စိမ်းပေါက် ရေနွေးဖြူဖြူထဲ ကော်ဖီမှုန့် ဖောက်ထည့်၍ ဇွန်းနှင့် မွှေပြီး ဒေါင်းနေမင်းရှေ့သို့ သူ တလေးတစား ချပေးလိုက်သည်။

ဒေါင်းနေသည် သူ့ဆောက်လုပ်ရေးကုမ္ပဏီ၏ရှယ်ယာဝင် လည်း ဖြစ်သည်။ ကွန်ပျူတာဒီဇိုင်နာလည်း ဖြစ်သည်။ သူ့အထက် အရာရှိလည်း ဖြစ်သည်။ သူ အဆောက်အဦးဒီဇိုင်းတစ်ခု ရေးဆွဲပြီးပြီ ဆိုလျှင် Sructure အင်ဂျင်နီယာတွေ ဖိုမင်တွေ ပန်းရံ လက်သမားတွေ အလုပ်သမားတွေ လချီ နှစ်ချီ အလုပ်လုပ်ကြပေရော့။ ဆိုလိုချင်သည် မှာ သူအားသွားသည်မှာ အကြာကြီးဖြစ်သည်။ 'မင်ဘာ' မှီ ရုံးမှန်မှန် မတက်လည်း ရသည်။

"အစ်ကို. . . နောက်ပရောဂျက်အတွက်တောင် ဒီဇိုင်း Complete ပြီးနေပြီနော်"

"ဆိုပါတော့ကွာ"

"အစ်ကိုဒေါင်းက ပဲခူးနေရှင်နယ်ကျောင်းထွက်နော်"

"ဖေဖေက စခန်းမှူးဆိုတော့ ကိုးတန်းဆယ်တန်း နှစ်နှစ် ပဲခူး မှာ နေဖူးတာပါ။ ငါ့ညီ အစ်ကို့ကို တစ်ခုခု ပြောချင်နေပုံရတယ်. . . ပြောကွာ"

အလုပ်ဝင်ကတည်းက ညီအစ်ကိုလို သွန်သင်ခင်မင်လာသူမို့ သူ့အထက်အရာရှိကိုပင် သူ့ကိုယ်ရေးကိုယ်တာအတွက် အကူအညီ





မတောင်းမဖြစ် တောင်းရပေတော့မည်။

ကော်ဖီငုံနေ၍ ခဏစောင့်ရင်း ရေနွေးပါ ငှဲ့ပေးလိုက်သည်။

"ကျွန်တော် ဖုန်းလည်း မဆက်ချင်ဘူး အစ်ကိုဒေါင်း၊ သူ့ အခြေအနေမှန်ကို အရမ်းသိချင်နေတယ်၊ အခြေအနေမှန်ကို သိရရင် သူအံ့ဩသွားအောင် ဘွားခနဲ သွားတွေ့ချင်နေတယ်၊ သူ ဘယ်လို မျက်လုံး ဘယ်လိုမျက်နှာ ဘယ်လိုအမူအယာနဲ့ တွေ့တွေ့ချင်း တုန့်ပြန် မလဲ သိပ်သိချင်နေတယ်၊ တစ်ဘဝစာ အကဲခတ်ချင်နေလို့ပါ. . အဲ့ဒါ"

"ဟင်း. . ဟင်း. . လက်စသတ်တော့ မင်းက အစ်ကို့ကို အင် ကွာရီ လုပ်ခိုင်းနေတာကိုး"

"လူကြီးသူမတစ်ယောက်ကို ရှေ့ပြေးအကဲခတ်ခိုင်းတဲ့ သဘောပါ အစ်ကိုရာ၊ ကျွန်တော် အဲ့ဒီတစ်ယောက်ပဲ ချစ်ဖူးခဲ့၊ စွဲလန်းခဲ့၊ ရူးသွပ်ခဲ့ရတာပါ။

ကျွန်တော့်ဘဝရဲ့ကြီးမားတဲ့အချိုးအကွေ့တစ်ခုမှာ အစ်ကိုဟာ အရေးပါ အရာရောက်တဲ့ အခန်းကဏ္ဍတစ်ခုက အမှတ်တရ ပါဝင်စေ ချင်လို့ပါ"

"တော်တော် အပြောကောင်းတယ်ကွာ. . . ခိုင်းတာလို့ တောင် ငါမထင်တော့ဘူး. . . ဟားဟား"

"အစ်ကို. . . ညီလေးကို ကူညီမယ်မဟုတ်လား"

"ကူညီရတော့မှာပေါ့ကွာ. . . ငါလည်း ပဲခူးမရောက်တာ ကြာ ပြီ၊ ခရီးမထွက်ဖြစ်တာလည်း ကြာပြီဆိုတော့ သွားချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်. . အစ်ကိုအမျိုးသမီးက. . "

"မတတ်နိုင်ဘူးကွာ. . . ရုံးကို အကူအညီတောင်းပြီး On Duty သဘော လုပ်ရတော့မှာပေါ့"

အစ်ကိုဒေါင်းနေက ကုမ္ပဏီဥက္ကဋ္ဌသမီးနှင့် လူကြီးချင်း သဘောတူ၍ ပေးစားထားခြင်းဖြစ်သည်။ ကလေးတစ်ယောက် ရနေပြီ ဖြစ်သော်လည်း ဓနမာနနှင့် ပညာမာနချင်း မသိမသာ ပြိုင်နေကြ၍ အိမ်ထောင်ရေး သိပ်အဆင်မပြေကြောင်း သိရသည်။

"အစ်ကို Estimate လေးတစ်ခု တွက်ထုတ်စရာ ရှိသေးတယ်၊ သုံးလေးရက်လောက်နေရင် သွားပေးမယ်၊ ဒါဟာ ကုသိုလ်ရတဲ့ မြားနတ်မောင်လုပ်ငန်းပဲ၊ ငါ့ညီရဲ့ဘဝတဆစ်ချိုးအတွက် ကူညီရမှာပေါ့ကွာ၊ ဒါနဲ့ ငါ့ညီကောင်မလေးနာမည်က"

"Dr. နိုရာကျော်တဲ့"

"ဩော်. . . နိုရာကျော်တဲ့လား"





ရက်ပိုင်းအတွင်း အခြေအနေ ထင်သည်ထက် တိုးတက်လာ၍ သူ အကျေနပ်ကြီး ကျေနပ်နေ၏။ လိုအပ်သောငွေကို C.B ဘဏ်မှ လွှဲပြောင်းထုတ်ယူ၍ King Cross အဝတ်အထည်များကို လိုအပ်သလို ဝယ်ယူ၍ အိမ်ကို လက်ဖက်ရည်သောက် ဖိတ်ထားသော နိုရာကျော်၏ အိမ်ဘက် မောင်းလာခဲ့သည်။ လိုရမယ်ရ တယ်ရီယာ ကြိုက်တတ်သော ချောကလက်ချိုချဉ်လေးတွေ ဝယ်၍ အိတ်ထဲ ထည့်လာမိသည်။ အချိန်စောသေး၍ သူ၏ Surf ကားကို ဘီးလိမ့်ရုံသာ မောင်းရင်း အကြံဉာဏ် ထုတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အော်ပါ သမီးရယ်၊ မာမီ အကဲခတ်နိုင်အောင်လို့ပါဆိုတော့ သမီးကို သူက ပရိုပိုစ်လုပ်လို့ သမီးကတော့ အဖြေပေးပြီး သမီးရည်းစား ဖြစ်နေပြီလား"

"သမီးရည်းစား မဖြစ်သေးပါဘူး မာမီ၊ သမီးရဲ့အတွေ့အကြုံ အရ မကြာခင် သူဖွင့်ဟလာမှာပါ။ သူက လူရည်သန့်တယ်၊ စမတ်ကျတယ်၊ ကုမ္ပဏီပိုင်တယ်၊ မွန်ရည်တယ်၊ တင်းနစ်တော်တယ်၊ ဘယ်အမျိုးကောင်းသမီးမဆို စဉ်းစားသင့်တဲ့ ဥပဓိနဲ့ ပြည့်စုံမှု ရှိတယ်၊ အဓိက,က မာမီသိပါတယ်. . .

မောင်လေးကို သူဘယ်လိုဆက်ဆံသလဲ၊ သူ ဘယ်လို သဘောထားလဲဆိုတာ ကြိုသိချင်လို့ပါ မာမီ၊ ဒါဟာ သိပ်အရေးကြီးတဲ့ ပဏ်ာ ဗလမ်ပဲလေ"

"ဟင်. . . မင်းဒယ်ဒီနဲ့ သားလေးက ပါသွားတယ်လေ၊ သမီး





က ဘာလို့ မတားတာလဲ"

"ဒီနေ့က မာမီ အကဲခတ်ဖို့သက်သက်ပါ၊ နောက်နေ့တွေလည်း မိတ်ရင်းဆွေရင်းလို လာလည်ဖို့ မာမီသဘောကျရင် ဖိတ်လိုက်ပေါ့"

"မာမီ မဖိတ်လည်း သမီးနှလုံးသားက ဖိတ်နေရင် ဘယ်လိုလုပ်မလဲ"

"သမီးနှလုံးသားထက် ဦးနှောက်က ဖိတ်နေတာပါ မာမီ၊ အရွယ်နဲ့အခြေအနေအရ စဉ်းစားသင့်တာကို ဦးနှောက်က သီးသန့် စဉ်းစားတဲ့သဘောပါ"

အိမ်လုပ် ဒင်ဆမ်းနှင့် ကြက်ဥပူတင်းကို ထမင်းစားပွဲပေါ် အငွေ့တထောင်းထောင်း ပြင်ဆင်ရင်း သားအမိ စကားပြောနေခြင်း ဖြစ်သည်။

www.burmeseclassic.com



**အ**ချိန်စောနေသေးသည်။

ဝင်းခြံတံခါးကြီးက ပိတ်ထားသည်မို့ ခြံတံခါးဝတွင် ကားထိုးရပ်၍ လူဝင်ပေါက်တံခါးဆီ လျှောက်အလာ ပြေးထွက်လာသော တယ်ရီယာ စုတ်ဖွားလေးကို သံပန်းကြားမှ ချောကလက်ချိုချဉ် ပစ်ပေါက်ကျွေးလိုက်သည်။

ဟပ်၍ကောက်စားရင်း အမြီးလေး နှံ့၍ သူ့ကို ကြည့်နေသည်။ တံခါးအံနီးတွင် နောက်တစ်ခု ပစ်ချကျွေးလိုက်သည်။ စားရင်း အမြီး အသားကုန် နှံ့ပြတော့သည်။

"ဝုတ်. . ဝုတ်. ."

အမြီးနှံ့ရင်း ဟောင်သည်မို့ သူ၏ဘာသာဗေဒအရ နှုတ်ခွန်းဆက်ခြင်းဟု သဘောပေါက်၏။

ဖွင့်ထားသော သံပန်းတံခါးကို အသာအယာ ဖွင့်ပေးလိုက်





သောအခါ ခြံအပြင်ထွက်လာသည်။

သူ အသာအယာ ကောက်ပွေ့၍ လက်ဝါးထဲ နောက်တစ်ခု ထည့်ကျွေးလိုက်သည်။ တကယ်တော့ သူ တိရစ္ဆာန်ချစ်တတ်သူ လုံးဝ မဟုတ်ပါ။ ဒီကောင်ဟာ ဘွားတော်ကြီး၏အသည်း ဖြစ်ဖို့များသည်။ လိုရမယ်ရ ချစ်ပြရပေတော့မည်လေ။

"ဟယ်. . . သမီးနိုရာရေ၊ ညည်းသည်ရောက်နေပြီကွယ့်၊ အလဲ့. . . တော်မီနဲ့ ချက်ချင်းအဖွဲ့ကျလို့ပါလား"

ဘွားတော်ကြီးက ဝမ်းသာအားရ တံခါးမကြီး လာဖွင့်ပေးသည်။ တော်မီကို ပွေ့လျက်ကပင် ကားမောင်း၍ ဝင်လိုက်သည်။

ကားပေါ်က တော်မီကို ပွေ့ဆင်းတော့. . .

"ဒီကောင်က လူစိမ်းသူစိမ်းဆို ရန်သူလို ဟောင်တော့တာကွယ့်၊ ဟင်းဟင်း. . . အံ့သြစရာပဲ၊ မောင်ရင့်ကိုမှ မြင်မြင်ချင်း ဘော်ဒါလို ဆက်ဆံတာ"

"လာ. . . ကိုဘုန်းမိုး၊ ဒယ်ဒီနဲ့မောင်လေးက ဂေါက်ကွင်းသွားတယ်"

တော်မီကို ဘွားတော်က ပွေ့ယူသွားသည်။ ဖိနပ်ချွတ်စရာ မလိုဟု ဆို၍ အိမ်ထဲ ဝင်၍ ဧည့်ခန်းထဲ ဝင်ထိုင်ဖြစ်သည်။ ခေတ်မီ သပ်ရပ်သောအဆင်အပြင်က သန့်ပြန့်နေ၏။

"ဒါ နိုရာ့မာမီ ဒေါ်တင်မမ၊ မာမီ. . ဒါ နိုရာ့ Play mate အသစ် ကိုဘုန်းမိုးသွန်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တွေ ပေးအပြီး ကျေးဇူးတင်စကားနှင့် ယဉ်ကျေးဖွယ်ရာ အလ္လာပသလ္လာပ ပြောဆိုနေစဉ် တော်မီက ဘွားတော်ပေါင်ပေါ်မှ ခုန်ဆင်းပြီး သူ့ပေါင်ပေါ် ခုန်တက်လာသည်။

"ကြည့်စမ်း. . တော်မီ"

"တော်မီ. . ပြန်လာခဲ့စမ်း၊ ငါခေါ်နေတယ်နော်"

ပြန်မသွားသည့်အပြင် သူ့လက်ဖမိုးကို လျှာနှင့် လိုက်လျက်နေသဖြင့် သူ့စိတ်က အရမ်းရွံနေပြီဖြစ်သည်။ သို့သော် ခေါင်းပွတ် နားရွက်ကိုင် လုပ်နေရသည်။

"အန်တီ မနာလိုတောင် ဖြစ်လာပြီကွယ်၊ ငယ်ငယ်ကတည်းက ကျွေးမွေးပြုစုလာသူကို လှည့်တောင်မကြည့်တော့ဘူး၊ မင်းက မေတ္တာဓါတ် ပိုအားကောင်းပုံရတယ်"

သူ အရွှန်းဖောက်မှ ဖြစ်တော့မည်။

"အရင်ဘဝက ဆွေမျိုးတော်ဖူးသလား၊ ချစ်သူတော်ဖူးသလားမှ မသိတာ အန်တီရယ်. . ဟင်း. . ဟင်း"

ခဏနေတော့ လက်ဖက်ရည်သောက်ရင်း ထမင်းစားခန်းဆီ ရောက်လာကြသည်။

တော်မီက သူ့ခြောကလက်ကို အထူးခံတွင်းတွေ့နေပုံရသည်။ သူ့နားက မခွာတမ်း ကပ်လိုက်နေတော့သည်။ ကိုယ့်အတတ်နှင့်ကိုယ်စူး ဖြစ်နေသည်။ လူရှေ့သူရှေ့ ချကျွေး၍လည်း မဖြစ်။

ပူပူနွေးနွေး ကြက်ဥပူတင်းနှင့် အိမ်လုပ်ဒင်ဆမ်းက ခံတွင်း





တွေ့သော်လည်း ဘောင်းဘီစကို တစ်ချိန်လုံး လာဆွဲနေသော တော်မီကြောင့် အထူးအာရုံနောက်နေသည်။ ဘွားတော်နှင့် နိုရာ မရိပ်မိအောင် ခုံအောက်တွင် ကန်ကန်ထုတ်နေရသည်။ တစ်ချိန်၌ ရမ်းကန်လိုက်သည်တွင် ရှူးဖိနပ်ဦးချွန်နှင့် တော်မီ နှာနုတည့်တည့် ထိသွားသည်။

"ကိန်. . ကိန်. . ကိန်"

"ဟယ်. . . တော်မီ ဘာဖြစ်ရတာတုန်း"

တော်မီက စကားဖြင့် ဘယ်လိုပြန်ဖြေမတုန်း၊ ချက်ချင်း အချိုးပြောင်းသွားသော သူ၏အထူးသည့်သည်တော်အား အမူအယာနှင့် တုန့်ပြန်တော့သည်။

ဟဲ. . ကနဲ ခြေသလုံးကို ဝင်ခဲတော့သည်။ ဟုတ်သည်လေ။ အခုနက ခြောကလက်ကျွေးပြီး အခုတော့ နှာနုဖြတ်ကန်သော လူသားဆိုသည့် အမူများကောင်၏ခြေသလုံးကို အစွယ်နစ်၍ အသားဆိုင်တွေဗျစ်ဗျစ်မြည်အောင် ခဲထားသည်။

"အား. . ဖရူး. . အဟွတ်. . အဟွတ်"

သောက်လက်စ ကော်ဖီပူပူတွေ သီးပြီး ပေါင်ခွဆီ ဖိတ်ကျ၍ ထိုင်ခုံမှ ထရတော့သည်။ ကော်ဖီက Electronic Cup နှင့် နှပ်ထားသဖြင့် ပူကျွတ်နေသည်။

"အား. . အား. . ပူတယ်. . ဟဲ့ခွေး. . ဟဲ့ခွေး"

ပူလည်းပူ နာလည်းနာကြီး ဖြစ်နေသည်။ ဘွားတော်က



www.burmeseclassic.com

www.burmeseclassic.com



တော်မီကို ခပ်ဆတ်ဆတ် ရိုက်၍ ပွေ့ယူသွားသည်။ နာတာ အနည်းငယ် သက်သာသော်လည်း ပူတာက အသားနု ဖြစ်နေ၍ မျက်နှာတွေ နီရဲပြီး တဆတ်ဆတ် တုန်လာသည်။ နိုရာလည်း ဘာလုပ်ရမှန်းမသိ ကြောင်နေ၏။

"ရေ. . ရေချိုးခန်း"

"ဟို. . ဟိုမှာရှင့်"

ကော်ဖီခွက် ချပြီး အပြေးဝင်၍ အောက်ပိုင်းကို ရေအေး တဗွမ်းဗွမ်း လောင်းချရတော့သည်။

"ဘာ. . ဘာလုပ်ပေးရမလဲ ကိုဘုန်းမိုး"

တံခါးအဝက နိုရာက ကုန်းအော်သည်။

"ရေ. . ခဲ. . ရေခဲပေးပါ"

နိုရာက ဆရာဝန်ပီပီ ပေါက်သည်။ ရေခဲသေတ္တာထဲ ရေခဲကဒ်ကို ပြေးယူ၍ တံခါးအဝမှ ကမ်းပေးသည်။

အတော်ပင် အီစလံဝေပါသည်။

နောက်ဆုံး၌ နိုရာကျော် ကမ်းပေးသော Oilment Tube ကို လိမ်း၍ ဘွားတော် ကမ်းပေးသော ချာလီကျော်၏တီရှပ်အပွကြီးနှင့် ကြောင်ကြောင်ကျားကျား ဘောင်းဘီတိုအပွကြီး ဝတ်၍ ရှေ့မျက်နှာ နောက်စေ့မှာ ထပ်ခါ ရေချိုးခန်းထဲမှ မျက်နှာကို ရေခဲ ရှဲကနဲ ကပ်ပြီး ထွက်လာရင်း ရယ်ကျဲကျဲဖြစ်နေသော နိုရာ့ကို. . .

"ဟဲ. . ဟဲ. . အမှတ်တရပေါ့ဗျာ"





"ဖြစ်မှဖြစ်ရလေ ငါ့တူရယ်"

ချက်ချင်းထပြန်၍ မကောင်းသောကြောင့် ဧည့်ခန်းတွင် ခဏ ထိုင်ရင်း သူ့ကိုယ်သူ ငုံ့ကြည့်မိသည်။ နှာခေါင်းတွင် ပင်ပေါင်ဘောလုံး နီနီ ဖောက်တပ်လိုက်ပါက ဆက်ကပ်လူရွှင်တော် ဖြစ်တော့မည်။

ရှက်ကိုးရှက်ကန်း အားလုံးဖြစ်နေ၍ စကားလုံး ပျောက်နေစဉ် သူ့ကားနောက်ကို ဦးမောင်မောင်ကျော် ကားထိုးဆိုက်၍ ချာလီကျော် အရင်ဆုံး ဆင်းကာ ဧည့်ခန်းထဲ ဘောလုံးပုတ်ရင်း ဝင်ပြေးလာသည်။

သူ့ကို မြင်သောအခါ ခဏကြောင်ကြည့်နေပြီး. . .

"ဟာ. . တားတားဘောင်းဘီ၊ တားတားအကျႌ. . ပြန်ပေး. . ပြန်ပေး. . ဟော့ကောင်. . ချွတ်. . ချွတ်"

ပြောပြောဆိုဆို ပြေး၍ချွတ်ရန် အတင်းဝင်လာ၍ ဘုန်းမိုး သွန်းခမျာ ဆိုဖာပေါ်မှ နောက်ဂွန်းလှန်ချ၍ ပတ်ပြေးရတော့သည်။

"မောင်လေး. . မောင်လေး. . မလုပ်ရဘူး၊ အဲ့ဒါ ဧည့်သည်"

"သား. . သားလေး. . အို. . ဟဲ့"

ချာလီက ဘောင်းဘီရှုံ့သားရေစကို ဆွဲမိသွားသည်။ အတင်း ပြန်ရုန်းပြေးတော့ ဆွဲရင်းတန်းလန်း တင်ပါးပေါ်ပြီး ချာလီလက်အလွတ် ၌ သားရေကြိုးက ဖန်းခနဲ တင်ပါးကို ခပ်ကြမ်းကြမ်း လာရိုက်ခတ် သည်။

"အား. . ."

သူ ပတ်ပြေးရင်း စားပွဲပေါ်က ကားသော့ကောက်၍ အောက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပင် ခြေဗလာနှင့် ဆင်းပြေးရတော့သည်။ ကားထဲ အတင်းဝင်၍ စက်နှိုးသည်။ နောက်က ကားခံနေ၍ ခြံကျယ်ထဲ ရှေ့တိုးနောက်ငင် ကားကွေ့နေစဉ် ချာလီက ကားမှန်တံခါးကို တဘုန်းဘုန်း လိုက်ပုတ်နေသေးသည်။

"ပြန်ပေး. . . ပြန်ပေး. . . ငါ့ဘောင်းဘီပြန်ပေး"

ဦးမောင်မောင်ကျော်က အလိုက်သိစွာ ပိတ်သလိုဖြစ်နေသော သူ့ကားကို မောင်းဖယ်လိုက်မှ ကင်းလွတ်စွာ သူ ဝူးကနဲ မောင်းထွက်ရင်း. . . ဟူး. . ခနဲ သက်ပြင်းချနိုင်တော့သည့်အဖြစ်။

ဂစ်ကနဲလဲ သေပစ်ဖို့ပဲ ကောင်းသေးတော့သည်။





ယနေ့ Dr. နိုရာကျော် Duty off မို့ ဘုန်းမိုးသွန်းက ဘုရားစုံလိုက်ပို့ခိုင်းရင်း နေ့လည်စာကို ရွှေဝါထွန်းဟိုတယ်တွင် တည်ခင်းသည်။ ထမင်းစားရင်း. . .

"ဒီလောက်လှပပြီး အရာရာ ပြည့်စုံနေတဲ့နိုရာဟာ ဘာကြောင့် ချစ်သူကြင်ဖော် မရှိသေးတာလဲလို့ ကျွန်တော်စတွေ့ကတည်းက တွေးနေမိတယ်၊ ဆောရီး. . . ကျွန်တော်တွေးမိတာ အပြစ်များ ရှိနေသလားပဲ"

"ဒါဟာ လူတစ်ယောက်ရဲ့ အခွင့်အရေးပဲ၊ တွေးချင်ရင် ကြိုက်တာ တွေးခွင့်ရှိနေကြတာ Human Right ပဲလေ၊ ကျွန်မကတော့ စိတ်ကြိုက်ရွေးရင်း ဒီအခြေအနေထိ ရောက်လာတာလို့ပဲ ပြောရမှာပဲ၊ ရတာမလိုချင်တာရယ် လိုချင်တာကို ရာနှုန်းပြည့်နီးပါး မရတာရယ်ဟာ အဓိက အကြောင်းရင်း ဖြစ်မယ်ထင်တာပဲ၊ ကိုဘုန်းမိုးကကော အခုထိ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ တစ်ကိုယ်တည်း ဖြစ်နေတာလဲ. . ကဲ. . ”

နီရာကျော့ပန်းကန်ထဲ ပုဇွန်ထုပ် ခပ်ထည့်ပေးရင်း သူ့အား ထပ်ကြည့်လိုက်သည်။

“တစ်ဘဝစာ ရည်ရွယ်နိုင်မယ့် ဖူးစာရှင် မတွေ့သေးလို့ပါပဲ၊ အင်း. . . အခုတော့ တွေ့ပြီလို့တော့ ပြောလို့ရနေပါပြီ”

နီရာက ဘာမှမတုန့်ပြန်ဘဲ ထမင်းသာ ငုံ့စားနေသည်။ ဘုန်းမိုးသွန်း ဆက်တင်မှ ဖြစ်တော့မည်မို့. . .

“နီရာလိုချင်တဲ့. . အဲ. . နီရာသတ်မှတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့အရည်အသွေးတွေက ဘာတွေလဲဟင်၊ ကျွန်တော် သိခွင့်ရှိရင်”

“ရှိပါတယ်. . . ကျွန်မ သတ်မှတ်တဲ့စံနှုန်းတွေက ဥပမိရုပ်သန့်ပြန့်ရမယ်၊ ချောရင် ပိုကောင်းတာပေ့ါ။ အဲ. . . မနအင်အားတောင့်တင်းရမယ်၊ ပြီးတော့ ကြင်နာသနားတတ်ပြီး မြင့်မြတ်တဲ့စိတ်ထားနဲ့ ယောကျ်ားပီသရမယ်၊ နားလည်ခွင့်လွှတ်တတ်တဲ့ သဘောထားနဲ့ ပညာတတ်ဉာဏ် ရှိရမယ်၊ အားကစား လိုက်စားတတ်ရမယ်၊ အဓိက,က ရိုးသားဖြောင့်မတ်ပြီး ကျွန်မမိသားစုကို သူ့မိသားစုလို သဘောထားနိုင်ရမယ်”

“အဲ့ဒီစံနှုန်းနဲ့ လွဲဖယ်နေတာမျိုး ကျွန်တော့်မှာ ရှိရင် ထောက်ပြပါလား နီရာ”

“အခြားစံနှုန်းတွေဖြစ်တဲ့ မြင်နိုင်တဲ့အရာတွေ အားလုံးနီးပါး





စံမီပါတယ်၊ ဒါပေမယ့် မမြင်နိုင်တဲ့ကြင်နာသနားခြင်းနဲ့ မြင့်မြတ်တဲ့စိတ်ထား၊ ယောကျ်ားပီသခြင်းနဲ့ ရိုးသားဖြောင့်မတ်ခြင်း ဆိုတဲ့ အရည်အသွေးတွေက အပေါ်ယံနဲ့အချိန်တိုနဲ့ ဘယ်လိုခန့်မှန်းလို့ရမှာလဲရှင့်”

“ဝမ်းသာပါတယ် နီရာ၊ အချိန်ယူပြီး ထဲထဲဝင်ဝင် အနီးကပ်ပေါင်းသင်းအကဲခတ်ကြည့်နိုင်ပါတယ်၊ ကျွန်တော့်စိတ်ဓါတ်ပိုင်းဆိုင်ရာကို အဖြူထည် ချခင်းပြပါ့မယ်၊ တဆက်တည်းမှာပဲ နီရာ့ကို ကိုယ်ချစ်ကြောင်းလည်း ဒီနေရာမှာပဲ တရားဝင် ဖွင့်ဟလိုက်ပါတယ် နီရာ၊ ဆယ်ကျော်သက်တွေ ပြောတဲ့ ရည်းစားစကားမျိုး မဟုတ်ဘူးဆိုတာလည်း အသိပေးပါတယ် နီရာ”

“နီရာ့ကို မုန်းစကားပြောတာ မဟုတ်လို့ ကျေးဇူးတင်ပါတယ်၊ ကျွန်မ ကိုဘုန်းမိုးကို တစ်ခုခု အဖြေပြန်ပေးနိုင်မှာပါ၊ အချိန်တော့ ထပ်ပေးပါဦးနော်”

“အချိန်ပေးပါတယ် နီရာ၊ ကျွန်တော့်ကို လေ့လာပါ၊ မကြိုက်တာ ပြင်စရာရှိတာ မြင်လည်း ပြောပါ၊ ကျွန်တော်ကြိုးစားပြင်ပါ့မယ်”

ငွေရှင်းပြီး ကားပေါ် တက်ခါနီးသောအခါ ဆေးဆိုင်မှ ညှော်သည်အတွက် ခေါက်ဆွဲလာဝယ်သော စကြာက တက္ကစီကားပေါ်မှ တွေ့ဖြစ်အောင်တွေ့၍ တွေတွေလေး ငေးရင်း ကြည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမနိုရာ အဲ့ဒီလူကို စိတ်ဝင်စားနေပြီလားဟင်"

စကြာအသံက တိုးဖျော့နေသည်။ ညှိုးရိပ်သန်းသောမျက်လုံးတွေလည်း မှိုင်းမှိုင်းဝေဝေ ဖြစ်နေသည်။ နိုရာ သိပါသည်။ သည်ကောင်လေး သူ့ကို တစ်ဖက်သတ် စွဲလန်းနေမှန်း။ ခြေတစ်ဖက် မသန်သော်လည်း ချစ်ခင်ကြင်နာဖွယ် မျက်နှာလေးနှင့် မမ ဘာလုပ်ပေးရမလဲဟု အမြဲအသင့်ရှိနေသော အနစ်နာခံနေသည့် အားငယ် အရှုံးပေးနေသည့် မျက်ဝန်းလေးတွေကို သနားစိတ် ဝင်ခဲ့ရသည်။

"သူက သူများထက် ထူးခြားတယ် စကြာရဲ့၊ ရုပ်ရည်သန့်တယ် စတိုင်လ်ကျတယ်၊ စကားပြောလည်း ကောင်းတယ်၊ ပညာတတ်လည်း ဖြစ်တယ်၊ ဒါပေမယ့် မမက လေ့လာနေတုန်းပဲ ရှိပါသေးတယ်"

"ကျွန်တော် သေတော့ မသေချာဘူးနော်၊ သူ King Cross





ပိုင်ရှင်မဖြစ်နိုင်ဘူး"

"ဟင်. . . ဘာပြောတယ်"

"ကျွန်တော် ဦးက အေးဂျင့်တွေဆီမှာ စုံစမ်းပြီးပြီ၊ သူ့နာမည်ကို တစ်ယောက်မှ မသိကြဘူး"

စကြာက ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။ နိုရာက အရမ်းစိတ်ဝင်စားဟန်ဖြင့်. . .

"ပြောပါ စကြာ. . . ဒါက အရေးကြီးတယ်၊ မမလည်း သူဟာ လျှို့ဝှက်ချက်တစ်ခုခုကို ဖုံးကွယ်ထားတယ်လို့ ထင်နေတာ၊ ပွင့်ပွင့်လင်းလင်းပြော၊ မမနဲ့မင်းက ပိုပြီးရင်းနှီးခဲ့ကြတာလေ"

"ကျွန်တော်လည်း သူ တစ်ခုခုကို ဖုံးကွယ်ထားတယ် ထင်နေလို့ မိတ်ဆွေစတိုးဆိုင်တွေ၊ K.C တင်တဲ့ မီနီမားကတ်တွေကို မသိမသာ စုံစမ်းကြည့်တာ ဘုန်းမိုးသွန်းဆိုတာ မသိကြဘူး၊ ဒါပေမယ့် ပင်ရင်းကုမ္ပဏီကို မရောက်ဖူးကြတာလည်း ပါပါတယ်၊ ပင်ရင်းက မှာသမျှကို ခေါ်စာနဲ့ အရောက်ပို့တဲ့စနစ် သုံးတာလေ၊ ကျွန်တော် ထပ်စုံစမ်းပါဦးမယ်. . . စိတ်ချနေပါ၊ မမနိုရာသာ"

"မမလည်း ဆန္ဒမစောပါဘူး၊ အေးအေးဆေးဆေး လေ့လာဦးမှာပါ"

"သိပ်လှတဲ့မိန်းကလေးတွေဟာ ယုံလွယ်တယ်တဲ့၊ ကျအောင်ပြောတတ်ရင်တဲ့"

"မမနိုရာကို အဲ့လောက်နုံမယ်လို့ ထင်နေလား ချစ်သော စကြာ



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့"

စကြာ ပြန်သွားတော့ သူမ တွေးစရာတွေ စီတန်းလာသည်။

သူဟာ တိရစ္ဆာန်တွေကို ချစ်တတ်ပြတာသာ ဖြစ်တယ်၊ တကယ် ကြင်ကြင်နာနာ မရှိဘူး၊ စကြာကို သူ နောက်ကွယ်မှာ အဲ့ဒီဂျိုင်းထောက် ပြောတာလို့ သုံးနှုန်းဖူးတယ်၊ အားနည်းချက်ရှိသူကို ဖေးဖေးမမစိတ် မရှိတာ သေချာတယ်။

အထူးသဖြင့် မောင်လေးကို စိတ်မပါဘဲ တမင်အမှတ်လိုချင်လို့ ညှာနေတာ။ လက်ဆောင်ပေးလို့ မောင်လေးက သူ့ကို ခင်လို့ တွယ် ကပ်နေရင် သူ တစ်နည်းနည်းနဲ့ ဖယ်ထုတ်နေတတ်ခဲ့တာ ခဏခဏ မြင်ဖူးခဲ့သည်ပဲ။

"ချာလီ. . . မင်းနဲ့ငါ ကျားထိုးမယ်၊ ငါနိုင်ရင် အိပ်ခန်းထဲ မင်း ဝင်အိပ်၊ မင်းနိုင်ရင် အိပ်ခန်းထဲ ငါဝင်အိပ်မယ်. . . ဘယ်လိုလဲ"

"ထိုးမယ်. . ထိုးမယ်. . နိုင်အောင်ထိုးမယ်"

ကလေးကို သူ မနိုင်နိုင်အောင် ထိုးပြီး အတင်းအိပ်ခိုင်းသည်။ ဟိုက ပေကပ်နေလျှင်. . .

"မင်းယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ ကတိ တည်ရတယ်ကွ၊ မြဲမြဲမှတ်ထား. . . သွားအိပ်" ဆိုတာမျိုးတွေ၊

"နပမ်းလုံးချင်တယ် ကိုဘုန်း"

"ငါနိုင်ရင် မင်းအေးအေးဆေးဆေး T.V Game တစ်ယောက် တည်း ထိုင်နိုပ်မလား"





"နှိပ်မယ်"

"ကြမ်းပေါ် ပက်လက်ကျသူက ရှုံးကြေးနော်"

"စိမ်လိုက်. . . လာထား"

ရိုးရိုးနပမ်းမလှဲဘဲ ခြေခွင်လှဲတာမျိုးနှင့် မောင်လေး ကျောကျ အောင် လုပ်တာမျိုးတွေ။

"ဟိုနေ့က ကိုကျော်ခေါင်ရဲ့ အားကစားပစ္စည်း အရောင်းဆိုင်ကို ရောက်သွားတယ်၊ တင်းနစ်ဘောလုံး သွားဝယ်တာ ကွန်ပျူတာ ကိုင်တဲ့ အရောင်းစာရေးမချောချောလေးနဲ့ ကိုကျော်ခေါင် ဆက်ဆံပုံဟာ လိုအပ်တာထက် ရင်းနှီးလွန်းနေတယ်၊ သွား ဆိုပြီး ကိုကျော်ခေါင့်ခါးကို လူမမြင်အောင် ဆွဲလိမ်တာမျိုး၊ ဘယ်သူမှ မမြင်ဘူး ထင်လို့ ကိုကျော် ခေါင်ကလည်း ပါးကို ပြန်လိမ်တာမျိုးပေါ့၊ သိသာတယ် နီရာ. . . ဟင်း. . ဟင်း"

ဆိုသော အတင်းအဖျင်း ပြောတာမျိုးတွေ။

နှင်းတွေ ဝေနေသော တစ်မနက်။ ညက သူမ အိပ်ရေးပျက် သဖြင့် နောက်ကျမှ အိပ်ယာထဖြစ်သော တစ်မနက်. . .

ဝရံတာ ထွက်၍ ဆွယ်တာအဖြူနှင့် အသက်ရှူလေ့ကျင့်ခန်း ထွက်လုပ်နေမိသော ထိုနေ့နံနက်က. . .

မျက်စောင်းထိုးကန့်ဘက်နားတွင် ကားတစ်စင်း ရပ်၍ စတစ် ကာ မှန်နက်တွေနှင့် အကြာကြီး ရပ်တန့်နေခဲ့သည်လေ။ ဟုတ်ပါပြီ၊ သူ့ကား။ ခုမှပင် သူမ သတိရလာသည်။ သေချာသည်၊ သူ ယခင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် Surf ကား။ တင်းနစ်ကွင်းကို သူ တမင် မင်ဘာ လာဝင်ခြင်းဖြစ်မည်။ သူမ ပြန်အထွက်၌ ထိုကားကို ပါကင်တွင် မြင်ခဲ့ဖူးသည်ပဲ။ လဲသေလိုက် နိုရာရေ့။ ဘုန်းမိုးသွန်း ဆိုတဲ့လူမှာ ဖက်ဖဲတစ်ချပ် ရှိနေခဲ့တာကို မင်း ဘာလို့ မရိပ်မိခဲ့တာလဲ၊ အတိတ်က မျက်နှာတစ်ခု စိတ်ထဲ ရိပ်ကနဲ ပေါ်လာခဲ့သည်။ သူ. . သူ ဘယ်ရောက်နေသလဲ. . .။





# အပိုင်း(၃)

**တစ်**ပတ်ကျော် ကြာရောက်နေနှင့်သော အစ်ကိုဒေါင်းနေက သူ့ကို ပဲခူးဘူတာတွင် ဆင်းကြိုသည်။ ခပ်ပြုံးပြုံးဖြစ်နေသော အစ်ကိုဒေါင်းက ကားပေါ်တွင် ဘာစကားမှ ဟုတ်တိပတ်တိ သူ့ကို မပြောပေ။ သူ မနေနိုင်၍. . .

"နိုရာအခြေအနေ ဘယ်လိုလဲ အစ်ကို"

"မကြာခင် မျက်ဝါးထင်ထင် မင်းမြင်ရတော့မှာပါ ညီလေး၊ ခဏလေး သည်းခံကွာ"

အမှန်က နေပြည်တော်ရှိ သူ၏ပရောဂျက်သည် လက်စ



www.burmeseclassic.com

www.burmeseclassic.com



မသိမ်းသေး။ ပဲခူး(ဗဂိုး)တွင် ပရောဂျက်အသစ်တစ်ခုကို ကုမ္ပဏီက တင်ဒါခွဲမည်။ တင်ဒါမဆွဲခင် Survey လုပ်ရန် ကျွမ်းကျင်အင်ဂျင်နီယာ လိုသည်ဟု အုပ်ချုပ်ရေးပိုင်းကို အကြောင်းပြပြီး အစ်ကိုဒေါင်းက ဉပါယ်တံမျဉ်ဖြင့် သူ့ကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ အစ်ကိုဒေါင်း အကြောင်းရှိ၍ ခေါ်မှန်း သူသိသည်။ လက်ထောက်အင်ဂျင်နီယာ (S.A.E) လေးကို တာဝန်လွှဲ၍ ချက်ချင်းပင် သူလိုက်လာခြင်းဖြစ်သည်။ ရင်ထဲ ပူလိုက်အေးလိုက် ဖြစ်နေသည်။ ခပ်ပြုံးပြုံး ကားမောင်းနေသော အစ်ကိုဒေါင်းကို သူ ဘာမှ ဆက်မမေးတော့ဘဲ ရင်တခုန်ခုန်နှင့် လိုက်လာသည်။ လိပ်ပြာကန်ဘက် ရောက်လာသည်။ ကားမှန်တွေအားလုံး တင်လိုက်သည်။ ကန်ထောင့်တစ်နေရာတွင် ကားကို ရပ်လိုက်သည်။

မျက်စောင်းထိုးရှိ ခြံတစ်ခြံကို အပေါ်စီးမှ မြင်နေရသည်။ အစ်ကိုဒေါင်းက ခပ်ပြုံးပြုံး လက်ညှိုးထိုးပြသည်။ ပေ(၅၀)ကျော် ခြောက်ဆယ်ခန့်သာ ဝေးသောမြင်ကွင်း။

ဟင်. . . ခြံဝတွင် ဘုန်းမိုး ကားဦးဆိုက်၍ ရပ်ထားသည်။ ခြံထဲတွင် စကားပြောနေသော ဘုန်းမိုးသွန်းနှင့် သူ၏နိုရာကျော် သူ၏နတ်မိမယ် သူ၏စိုက်ခင်းလေး။ သီးကင်းအလှ မဟုတ်တော့ပါပြီ၊ ဝင်းမှဲ့နေသော ပြည့်ပြည့်ဝဝ သီးမှည့်၏အလှနှင့် တင့်တယ်ခြင်း အပေါင်း ဦးညွတ်ရာလေး။

တောက်. . .

ဒီကောင် ငါ့ကို သတင်းမှားပေးပြီး သူကိုယ်တိုင် အပိုင်ချွေနေ





တာကိုး။

သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ တက်ခေါက်သံလည်း ထွက်ကျလာသည်။ ဒေါင်းနေက. . .

"အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူး ညီလေး၊ သူလည်း လူလွတ်ပဲ လူပျိုပဲ၊ ချဉ်းကပ်ပိုင်ခွင့် ချစ်ရေးဆိုခွင့် ကြိုးစားခွင့် သူ့မှာလည်း ရှိတယ်၊ မင်းလူကြီးလူကောင်းဆန်ရမယ်၊ သဘောထားကြီးကြောင်း ပြသရမယ်"

"သူငယ်ချင်းချင်း ဒီကောင်သစ္စာဖောက်တာ အစ်ကိုဒေါင်း. . သစ္စာမဲ့တာ"

"စိတ်လျှော့ပါ ငါ့ညီရာ၊ မင်းနဲ့နိုရာက တရားဝင် ကြေငြာထားတဲ့ချစ်သူတွေလည်း မဟုတ်သေးဘူးလေကွာ"

အစ်ကိုဒေါင်းစကားက ဘယ်လိုမှ ငြင်းမရအောင် မှန်နေပြန်သည်။ သူ ခပ်တွေတွေ စိုက်ကြည့်နေမိသည်။ ဘုန်းမိုးက နိုရာကို တစ်စုံတစ်ရာ ရှင်းပြနေပုံရသည်။ နိုရာ့မျက်နှာနှင့် ဟန်ပန်က တင်းမာနေပုံရသည်။ ထိုစဉ်မှာပင်. .

"ဖောင်း. ."

ဘုန်းမိုးမျက်နှာကို တင်းနစ်ဘောလုံး ခပ်ပြင်းပြင်း လာမှန်သည်။ နောက်က အုတ်နံရံကို ဇစ်ဇက်ထိပြီး ဘောလုံးက သူ့ရှေ့ ခုန်ဆွကျလာသည်မို့ သူက ဖမ်းပြီး ဒေါသတကြီး. . .

"လာယူ. . ဟေ့ကောင်. . လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချာလီ. . လက်နှစ်ဖက် ဆန့်တန်း၍ ဘယ်ညာယိမ်းထိုးရင်း သူ့နားကပ်လာသည်။

“မင်း ငါ့မျက်နှာကို တမင်ပစ်တာ မဟုတ်လား. . . ကဲကွာ”

နားကြပ်ကို ဖွင့်၍ နားရွက်ကို အတင်းဆွဲလိမ်သည်။ အားကြီးသော ချာလီက လက်ကို ဆတ်ခနဲ လိမ်ချိုးပြီး ဗိုင်းကနဲ ကိုင်ပေါက်လိုက်သည်။

“အင့်. .”

“ဟဲ့. . မောင်လေး. . မလုပ်နဲ့”

“မရဘူး. . . ဒီကောင့်နားရွက်ကို ဖြုတ်ပစ်မယ်၊ နှစ်ဖက်လုံး ဖြုတ်ပစ်မယ်”

နိုရာကျော်က မနိုင်မနင်း သူ့မောင်ကို ဆွဲထား၍သာ တော်တော့သည်။ ချာလီက ဘုန်းမိုးကို ခွစီးပြီး တကယ်ပင် နားရွက်ဖြုတ်ရန် အပြင်းအထန် ကြိုးစားနေသည်။ သဘောပေါက်သော ဘုန်းမိုးက ကုန်းရုန်းထ၍ နာနေသောခါးကို ခပ်ကိုင်းကိုင်းနှိပ်၍ ထော့နင်းထော့နင်းနှင့် ခြံဝမှ ပြေးထွက်ရင်း ကားပေါ် တက်၍ ကားမီးခိုးဖင်တသီတန်းအောင် ပြေးတော့သည်။ တဟေးဟေး တဟားဟား ရယ်ရင်း. . .

“သိပ်တော်တယ် ချာလီ ညီလေး. . ဟား. . ဟား. . ဟား၊ ငါဖြစ်ချင်တာ မင်းလုပ်လိုက်တာပဲ. . အဟေး”

“ကဲ. . . ညီလေးပိုင်သူ၊ မင်းဘာလုပ်နေတာလဲ. . . ဝင်တော့လေ၊ အင်မတန် လွတ်လပ်ပြီး အင်မတန် လှပတဲ့ မင်းချစ်သူ ရှေ့





မှောက် ငါ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် ဆောင်ကျဉ်းခဲ့ပါပြီ၊ အစ်ကို တာဝန်ကျေပါတယ်နော်”

“ကျေပါတယ် အစ်ကိုဒေါင်း၊ ကျွန်တော် ဝမ်းသာလုံးဆို့ပြီး ကတုန်ကယင်ကြီးဖြစ်နေတယ်”

ပြောရင်း စနိုးတာဝါနှင့် မျက်နှာကို သန့်အောင်ပွတ်၍ ကားမှန်ထဲ ခေါင်းဖြီးလိုက်သေးသည်။ အထက်တန်းမှ ဇိမ်ခံလိုက်လာ၍ သူ၏နက်ခ်ကတိုင်နှင့် အဝါနုနု အကောင်းစားရှပ်အင်္ကျီ ဘောင်းဘီ အညိုရင့်ရင့်က ရှင်းသန့်ပြန့်ရှံ့နေသည်။ ရှူးဖိနပ်ရှိ ဖုံအနည်းငယ်ကို တာဝါနှင့်ပင် တို့သုတ်၍ သန့်လိုက်သည်။ ရှစ်နှစ်ကျော်ကျော် ကွဲကွာနေသော ရင်နှစ် ချစ်သူငယ်ပေါင်းနှင့် မျက်နှာချင်းဆိုင် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တွေ့ရတော့မည်တဲ့။

“တကယ်ပဲ အစ်ကိုဒေါင်းရာ၊ ရင်ထဲ တဒုန်းဒုန်းနဲ့ ဆယ်ကျော်သက်ဖီးလ် ပြန်ဝင်နေတယ်ဗျာ”

“ငါသိပါတယ်. . . ငါ့ညီရင်ထဲ မီးနင်းမယ့် ကုလားဘုရားပွဲနဲ့ တရုတ်နှစ်သစ်ကူးနဂါးပွဲ ချစ်ကြည်ရေး ပူးပေါင်းကျင်းပနေတယ် မဟုတ်လား. . . ဟား. . ဟား. . ဟား”

သူ ကားတံခါးကို ကလစ်ခနဲအဖွင့်. . .

“နေဦး ညီလေး၊ အစ်ကို ကြိုတင်ပြင်ဆင်ထားတာလေးတစ်ခု ရှိသေးတယ်”

နောက်ကူရှင်ကို အစ်ကိုဒေါင်း လက်လှမ်းဆွဲ၍ ဂျပ်ဆွဲအိတ်



www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးကို လှမ်းယူသည်။

"ပို့မယ်ပို့ ကူးတို့ရောက်အောင် ပို့ရမှာ ငါ့ညီတာဝန်ပဲ ညီလေး၊ မင်းကို ရင်ခုန်အောင် ဘာမှကြိုမပြောခဲ့ပေမယ့် ငါလိုအပ်တာတွေ ကြိုတင်ပြင်ဆင်ပြီးသားပါကွ၊ ဟောသမှာ. . . မင်း သူတို့ကို ပေးသင့်တဲ့ လက်ဆောင်တွေ၊ လက်ဆောင်ဆိုတာ ပေးသူရော ယူသူပါ စိတ်ချမ်းမြေ့စေတယ်"

သူ အိတ်တွေ ဖွင့်ကြည့်သည်။

သူမအတွက် အားကစားဝတ်စုံလက်အိတ်နှင့် အကောင်းစားရေမွှေး၊ ချာလီအတွက် T-shirt နှင့် Hand Game ၊ ဘိုးတော်အတွက် ဆေးတံဆေးဗူးနှင့် မာဖလာ၊ ဘွားတော်အတွက် ခါးကြိုးပါတိတ်နှင့် တော်မီအတွက် ချောကလက်ချိုချဉ်။

"အခြေအနေ မသိလို့ ကျွန်တော် ဘာမှမပြင်ဆင်ခဲ့မိဘူး အစ်ကိုရာ၊ ရောနန္ဒာ မဟာကျေးဇူးပါပဲ"

"ကောင်လေး. . . ငါ လမ်းထိပ်လက်ဖက်ရည်ဆိုင်က အေးအေးဆေးဆေး ထိုင်စောင့်နေမယ်၊ ကဲ. . . အောင်မြင်ပါစေ"

"ဂျိတ်. . "

အစ်ကိုဒေါင်း ဘီးလှိမ့်၍ ထွက်သွားသည်။ ရှေ့တွင် ကွေ့ပြီး သူ့ကို လက်မထောင်ပြ၍ ထွက်သွားသည်။

သူ ခြံဝ သံပန်းတံခါးနား ချဉ်းကပ်လာသည်။ သူတို့မောင်နှမ တစ်ခုခု ပြောနေကြသည်။ သူ ဘဲလ်နှိပ်လိုက်သည်။





သံပန်းကြားက သူ့ကို မောင်နှမနှစ်ယောက် လှမ်းကြည့်ရင်းကြောင်အမ်းအမ်းဖြစ်နေသည်။ မထင်မှတ်စွာ ချာလီ ထအော်ရင်းပြေးလာသည်။

"ဟား. . ကိုကိုသာခု. . ကိုကိုသာခု"

"ဟယ်. . သူ. . သူ"

တံခါးဖွင့်၍ ချာလီက သူ့ကို ပြေးဖက်သည်။ သူမကလည်း နောက်က အံ့ဩပျော်ရွှင်သော ခပ်သွက်သွက်ခြေလှမ်းနှင့် လိုက်လာသည်။

"ဟယ်. . . သူငယ်ချင်း၊ သာခု. . သာခု အစစ်ပါနော်"

"ဟုတ်ပါတယ် နီရာ၊ ဒါရိုက်တာသာခု မရှိတော့ဘူးလေ၊ တို့ပဲ ရှိတော့တာ"

"တို့က နင်သေပြီ အောက်မေ့နေတာ၊ လာ. . . အိမ်ထဲဝင်လေဟာ၊ ဒယ်ဒီနဲ့မာမီ ဘုရားကြီးသွားတယ်ဟ. . . လာ"

"ဒီလိုဘယ်ရမလဲ ကိုကိုသာခု. . လာ. . သားကျောပေါ်တက်၊ ကျောမပိုးရတာကြာပြီ"

လက်ထဲက အိတ်တွေ နီရာ့ကို ပေး၍ သူပျော်ရွှင်စွာ ချာလီကျောပေါ် တက်လိုက်သည်။ ခုန်ဆွခုန်ဆွနှင့် ချာလီ မြင်းလို အော်ရင်း အိမ်ဆီ ခေါ်နေသည်။

"ညီလေး. . . မင်း စီးဦးလေကွာ၊ အစ်ကို မြင်းလုပ်ရမယ့်အလှည့်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး. . . ဒီနေ့ အစ်ကိုက လူပဲ၊ သားသားက မြင်းပဲ"

အိမ်ညှော်ခန်းထဲထိ ကျောပိုးလာပြီး ဆိုဖာနား ခပ်သာသာ ချပေးသည်။

"ချာလီဖို့ အစ်ကို လက်ဆောင်ပါလာတယ်"

"ဟုတ်လား"

ပေးသောအိတ်ကို ယူ၍ဖွင့်ကြည့်ပြီး ဝမ်းသာအားရပင် ရှိုရှို အော်ဟစ်ပြီး ဝတ်ကြည့်မယ်ဟုဆို၍ အပေါ်ထပ်သို့ တက်ပြေးသည်။

နှစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်သောအခါ ရှွန်းအိ နေသော နှုံးသာတုံးချစ်သူကို လွမ်းလွမ်းဆွတ်ဆွတ် ငေးမောရင်း ပြော စရာ စကားတွေ လည်ချောင်းဝတွင် စုပြုံတိုးဝှေ့နေ၍ တစ်လုံးမှ ထွက် မလာ။ ဖိတ်လျှံထွက်လာသော အဆီအနှစ် စကားလုံးသုံးလုံးကတော့

"လွမ်း. . လိုက်. . တာ"

သူ့ကိုလည်း သူမက ပြန်၍စူးစိုက်ကြည့်ရင်း နှုတ်ခမ်းလှလှ အနည်းငယ် ရွဲ့စောင်း၍. . .

"တွေ့မှ သေအောင်လွမ်းနေတာလား၊ ရှစ်နှစ်တောင် ကျော်ပြီ နော်၊ ဘာလို့ အဆက်အသွယ် မလုပ်တာလဲ"

"ပြောရရင် အရှည်ကြီးပဲ နိုရာ၊ ပထမဆုံးအချက်က အပ်စူးလို့ ကိုယ် သွေးပျက်ပြီး အရှက်ဖုံးခဲ့တယ်၊ နိုရာ့ကို အရမ်းရှက်နေတယ်၊ ဖေဖေ နေပြည်တော်ပြောင်းမိန့် ကျလာတယ်၊ ရှေ့မျက်နှာ နောက်ထား ပြီး လာနှုတ်ဆက်တော့ ဘုရားဖူး ထွက်သွားကြပြီတဲ့၊ စာမေးပွဲ အောင်





စာရင်းထွက်တော့ ဆက်သွယ်သေးတယ်. . . ပြန်မရောက်သေးဘူး တဲ့"

"ကိုယ် UTC စက်မှု ပထမနှစ်မှာ ဆက်သွယ်သေးတယ်၊ နိုရာ တို့ အိမ်ပြောင်းသွားပြီတဲ့၊ ပြောင်းတဲ့လိပ်စာလည်း မရဘူး၊ အေးလေ နိုရာ ကိုယ့်ကို ဆက်သွယ်နိုင်အောင် ဘာမှ သဲလွန်စ မထားခဲ့တာကို ကြေကွဲနာကျင်ရာက နာကျည်းသွားတယ်၊ ငါ သံယောဇဉ်ကြီးသလို သူ့ဘက်က ဘယ်လိုမှ မနေပါလားဆိုတဲ့ အားငယ်စိတ် ဝင်လာတယ်၊ လွမ်းတာကို နာတာနဲ့ ထေခဲ့ရပါတယ် နိုရာ"

လက်ဆောင်အိတ်ကြိုးကိုသာ နိုရာ အလုပ်မရှိ အလုပ်ရှာ ဆော့ကစားနေသည်။ အချို့မိန်းကလေးတွေလို ဘာတွေလဲဟု လက် ဆောင်ကို အငမ်းမရ ဖွင့်ကြည့်တာမျိုး မလုပ်ဘဲ လေးလေးနက်နက် စဉ်းစားနေပုံရသည်။ သူ ဝမ်းသာသွားသည်။

"တို့က မင်း တက္ကသိုလ်မှာ ချစ်သူတွေ့ပြီး ငယ်သူငယ်ချင်းကို မေ့သွားပြီလို့ ထင်နေတာ"

"တို့လည်း အဲ့လိုပဲ ထင်တာပေါ့၊ နိုရာက အရမ်းလှတော့ တို့ ထက် သာတဲ့လူတွေ ဝိုင်းဝိုင်းလည် ချဉ်းကပ်ခြင်းခံရမှာပဲလို့ တစ်ထစ်ချ ယုံခဲ့တာပေါ့၊ တို့ နေ့တိုင်းလိုလို သတိရနေခဲ့ပါတယ်"

"ကျောင်းပြီးတော့ ဘာလို့ မဆက်သွယ်တာလဲ၊ လွမ်းရင် ရအောင်ရှာပေါ့၊ သူ တကယ်အလေးအနက် မရှိပါဘူး"

"ကျောင်းပြီးပြီးချင်း ဖေဖေ့ဝန်ကြီးအဆက်အသွယ်နဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သင်တန်း ဝင်ရတယ်လေ၊ နိုင်ငံတော်ရဲ့အရေးကြီးတဲ့ Project တွေမို့ အားကို မအားရတာပါ နီရာ၊ ခု ကို 'ပါမင်းနင့်' အရာရှိ ဖြစ်လာတော့ ပိုတာဝန်ကြီးလာတာပေ့ါ နီရာရယ်၊ ကိုယ့်ဘဝမှာ ထဲထဲဝင်ဝင် ခင်မင် ပတ်သက်ဖူးတယ်ဆိုတာ ကျိန်ရဲပါတယ်"

"ယုံပါတယ် သာခုရယ်၊ မင်းဟာ ငယ်ငယ်ကတည်းက တို့ကို အမှန်စကားတွေချည်းပဲ ပြောခဲ့တဲ့ တို့ရဲ့အချစ်ဆုံးသူငယ်ချင်းပဲ၊ တို့လည်း မှန်သောစကားကိုပဲ မင်းကို ပြောမယ်. . .

တို့ ဒုတိယနှစ်မှာ အင်တာနက်နဲ့ ရင်ခုန်ရတဲ့သူတစ်ယောက် ကြုံဖူးတယ်"

"ဟင်. . . ဘယ်လို"

"လူချင်း မတွေ့ဖူးပါဘူး၊ အင်တာနက်ချင်း ချိတ်မိပြီး အပြန် အလှန် ရင်ဖွင့်မိကြတာပါ၊

သာခုလို့ ခေါ်တဲ့ မင်းအကြောင်းတောင် သူ့ကို တခုတ်တရ ပြောပြမိခဲ့သေးတယ်၊ သူက နီရာ့ငယ်ပေါင်းဆိုတော့ ငယ်ချစ်ပေ့ါနော့ တဲ့၊ ဟုတ်တယ်လို့ ငေါ်ပစ်လိုက်တယ်"

နီရာရယ်. . . ငေါ့မပြောဘဲ တကယ်ပဲ ပြောလိုက်ပါတော့လား ဟု စိတ်တွင်း တစ်နေရာက အသံထွက်လာ၏။

"အခုကောဟင်"

"လူချင်းတွေ့ဖို့ ပြင်တုန်းမှာပဲ. . အဲ. . အဲ့ဒီတုန်းက နီရာ မိသားစုနဲ့ နီရာက၊ မန္တလေးမှာ သူက ရန်ကုန်မှာ၊ သူ့မမ အတင်းဆွဲ





ခေါ်လို့ သူ U.K ကို အပြီးထွက်သွားရတယ်၊ ဟိုကနေလည်း မဆက် သွယ်တော့ဘူး၊ နီရာ ဆွေးဖူးတာကို ဝန်ခံရင်း ပြောပြတာပါ"

"ဆွေးတောင် ဆွေးသတဲ့လား နီရာရယ်၊ သူ့နာမည်က ဘယ်သူတဲ့လဲ"

"သူ့နာမည်က ထူးဝေမြင့်တဲ့၊ တော်တော်ချောတယ်၊ ပညာ လည်း တော်တယ်၊ အင်္ဂလိပ်လို အရမ်းကောင်းတယ်၊ နီရာ ခိုက်တဲ့ ဟောလီးဝုဒ်မင်းသား ကီနူးရိဗ်နဲ့ အရမ်းတူတာပဲ. . . ဆွေးသင့်တာပေ့ါ နော့"

သူမက ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမော ပြောနေသော်လည်း သူ့ရင်ထဲ နင်တင်တင်ကြီး နင့်နေ၏။

"မင်းလည်း ငယ်ငယ်ကလို စုတ်ချွန်းချွန်း မဟုတ်တော့ဘူး၊ အရမ်းကြည့်ကောင်းလာတယ်၊ မင်းက ပက်ထရစ်စွေဇီနဲ့ တူတယ်"

"ပက်ထရစ်စွေဇီက သေပြီဟ နီရာမရ"

"ဟားဟား. . ဟားဟား. . ခုမှ မင်းငယ်ရုပ်နဲ့ ငယ်ဟန် ပြန် ပေါ်လာတယ်. . . ဟင်းဟင်း"

ငယ်ဟန်ဟု သူမ ပြန်ပြောလာမှ သူမခါးကလေး ဖက်ရင်း စက်ဘီးစီးရသော အရသာကို တမ်းတမ်းတတ သတိရလာသည်။ ဝမ်းပြင်းသားပေါ် လက်ဝါးတင်တော့ ချွဲနွဲ့နွဲ့သံလေးနှင့် သူ. . ငယ်. . ချင်း. . နော်. . တဲ့။ ပျော်ခဲ့ရဖူးပါသည်။

"ဟိတ်. . . ဘာတွေတွေးနေတာလဲ၊ တို့ပြောတာ မကြားဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘာပြောလိုက်လို့လဲ နိုရာ"

"ပဲခူးကို ဘာလာလုပ်တာလဲလို့"

"ဪ. . . အရမ်းအရေးကြီးတဲ့ကိစ္စက မပြတ်သေးဘူး"

"ဘယ်မှာ တည်းလဲဟင်"

"မသိသေးဘူး. . အဲ. . အင်း. . ဟို. . "

"ဘာတွေဖြစ်နေတာလဲ အနုမောဒနာရယ်၊ ဘယ်တုန်းက ရောက်တာလဲ"

"သိပ်မကြာသေးဘူး၊ လွန်ခဲ့တဲ့နာရီဝက်ကျော်ကျော်က"

"မင်းဟာ ငယ်ငယ်ကလို အူကြောင်ကြောင်ကတော့ မပျောက်သေးဘူးနော်၊ လာမယ့်တနင်္ဂနွေနေ့ ကိုယ် Duty off ပဲ၊ မင်း ဒယ်ဒီနဲ့ မာမိနဲ့လည်း တွေ့ရအောင် နေ့လည်စာ လာစားပါလား"

"ဒီနေ့ သောကြာနေ့ဆိုတော့ ဒီကြားထဲ မတွေ့ရတော့ဘူးလား နိုရာရယ်"

"အွန်. . . ကြားမှာ စနေတစ်ရက်ပဲ ခြားတဲ့ဥစ္စာ"

"တစ်ညနေနဲ့ တစ်ရက်ကြီးများတောင် နည်းတဲ့နာရီတွေလားဟာ"

"အဲ့ဒါပြောတာပေါ့၊ မင်းဟာ တွေ့မှ သေအောင်လွမ်းဆိုတဲ့ အကောင်စားမျိုး"

"ရှစ်နှစ်လုံးလုံး မတွေ့ရဘဲတောင် ဘယ်မှာရှိမှန်း မသိဘဲနဲ့





တောင် လွမ်းခဲ့သေးတာပဲ၊ ခု တွေ့နေပြီ၊ နိုရာကလည်း အရင်ကထက် လွမ်းစရာကောင်းအောင်ကို ပိုလှနေတော့ စက္ကန့်တိုင်း နိုရာ နိုရာနဲ့ မြည်နေတော့မှာပဲ"

"ကဲ. . . နိုရာ့ဟင်းဖုံးနံပါတ် ယူသွား၊ မင်းဟင်းဖုံးနံပါတ်လည်း ပေး၊ ဒီည ဆေးခန်းပိတ်ရင် ဆက်လိုက်မယ်"

"ဆေးခန်းကို လာမယ်လေ"

"ဘာရောဂါလဲ"

"နှလုံးရောဂါ. . . Last attack"

"ဆေးမီမယ် မထင်ဘူး အနုမောဓနာ သာဓုရှေ့၊ ကဲ. . . ဘာသောက်မလဲ"

ဘာသောက်မလဲ ပြောမှ လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် အစ်ကိုဒေါင်း လည်စောင်းအောင် စောင့်နေမည်ဖြစ်ကြောင်း သတိရသည်။ အားနာဖွယ်ကောင်းနေပြီဖြစ်သည်။ ကြာသွားသည်လေ။

"ကဲ. . . ကိစ္စရှိသေးတယ်၊ ကိုယ်ဖုန်းဆက်လိုက်မယ်နော်"

ထိုစဉ် ချာလီ ဆင်းလာသည်။ သူ့ရှေ့ မတ်တတ်ရပ်၍ ကျောလာကုန်းပေးသည်။

"တက်. . တက်. . ကိုကိုသာစု"

"ခြဝထိ မင်းစီးလေကွာ၊ ငါကျောပိုးမယ်"

"ဒီနေ့ သားသားက မြင်းပါဆို. . တက်ပါ"

"ခြဝတင်ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"တက်ပါဆို"

သူ တက်လိုက်သည်။ ခြံပြင်လမ်းပေါ်ထိ ပိုးမည်လုပ်နေ၍ နိုရာစစ်ကူနှင့် မနည်းချော့၍ဆင်းလိုက်သည်။ ငယ်ငယ်က အကြောင်း မဟုတ်။ ခု သူက နည်းနည်းနောနော အရာရှိမဟုတ်တော့။ နိုရာက လှဲကနဲ ကြည့်၍. . .

"ဖုန်းဆက်လိုက်နော် သာစု"

"စိတ်ချ"

စိတ်တော့ သိပ်မချရသေးဘူးဟု တွေးသည်။





"တီ လ တီ တီ"

"ဟဲလို. . . ဟုတ်ပါတယ် နိုရာပါ"

"ကိုယ် သာစုပါ"

"သိပါတယ်. . . ပြန်သွားတာ နာရီဝက်ပဲ ရှိသေးတယ်၊ ဘာ အရေးကြီးလို့ ဆက်တာလဲ"

"နိုရာ မေးခဲ့တယ်လေ၊ ကိုယ်ဘယ်မှာတည်းသလဲလို့၊ အခု ဘယ်မှာတည်းသလဲဆိုတာ ပြောထားမလို့"

"ပြော. . ."

"ဗိုင်းဂနိုင်းမြောက်ပိုင်းက ကျော်ခေါင်အားကစားပစ္စည်းဆိုင် ရှေ့က တိုက်အဝါကြီးမှာ တည်းတယ်၊ အဲဒါ လှမ်းပြောတာ"

"နေပါဦး ကိုသာစုရဲ့၊ ကျွန်တော်မျိုးမ အူကြောင်ကြောင် မြင်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ မင်းက အဲ့ဒီတည်းခိုအိမ်ကို အရင်ဝင်ပြီးမှ တို့ဆီ လာတာ မဟုတ်ဘူးလား၊ လက်ထဲ ဘာအိတ်မှလည်း မပါ၊ ပြီးတော့ ရောက်တာလည်း နာရီဝက်ပဲ ရှိသေးတယ်ဆိုတော့ ဘာတွေလဲ"

"အားလုံးကို အဖြစ်မှန်အတိုင်း သံတော်ဦးတင်မှဖြစ်တော့မယ်၊ နည်းနည်းတော့ ရှည်မယ်နော်. . .

အမေ မြေးချီချင်တာက စရလိမ့်မယ်. . .

ချွေးမလောင်းတွေ မသိမသာရော သိသိသာသာရော တစ်ယောက်ပြီးတစ်ယောက် အိမ်ကို ခေါ်ခေါ်လာတယ်၊ အဲ့သမှာ ကိုယ့်နှလုံးသားက အပြင်းအထန် မင်းကို သတိရပြီး ဖုန်းတစ်လုံးနဲ့ စုံစမ်းထောက်လှမ်းတော့ မင်း ပဲခူးဆေးရုံမှာတဲ့၊ ဒါနဲ့ နောင်တော်တစ်ယောက်ကို မင်းအခြေအနေ စုံစမ်းဖို့ နေပြည်တော်ကနေ အင်ကွာရီ လွှတ်လိုက်တယ်၊ မနေ့က သူ့ဖုန်းဝင်လာတယ်၊ အရေးကြီးတယ် အမြန်လာတဲ့၊ ဒီမနက် ဘူတာမှာ သူ့ကားနဲ့ လာကြိုတယ်၊ ဘူတာကနေ နိုရာ့အိမ်ကို သူ့ကားနဲ့ တန်းရောက်လာတာ၊ သူက လမ်းထိပ်မှာ စောင့်နေတာ၊ နိုရာနဲ့ တွေ့ပြီးမှ သူတည်းတဲ့အိမ်ကို ရောက်တာလေ၊ အဲ့ဒါပါပဲ နိုရာ"

"အရေးကြီးတယ် အမြန်လာဆိုတာ ပဲခူးမြို့ကြီး တစ်ခြမ်းစောင်းသွားလို့လား"

"အဲ့ဒါထက် ဆိုးတယ် နိုရာ၊ ကိုယ့်အသည်း တစ်ခြမ်းစောင်းတာ"





"ဘယ်လို"

"နိုရာ့ကို သိမ်းပိုက်နိုင်တဲ့ မိုးကျရွှေကိုယ်တစ်ယောက်နဲ့ တွဲနေတယ်တဲ့၊ ဒီထက်အရေးကြီးတာ ဘာရှိသေးလဲ၊ ကိုယ် မနေနိုင်တော့ဘူး နိုရာ၊ နိုရာ့ကို ကိုယ် အရမ်းချစ်တယ်၊ နိုရာ့ကို ကိုယ် ပိုင်ဆိုင်ပါရစေ၊ အမေ ချီချင်တဲ့ မြေးဦးကလေးနဲ့ မြေးဒါဇင်ဝက်လောက်ကို နိုရာနဲ့ကိုယ် မွေးရအောင်ပါ နိုရာရယ်. . နော်"

"အသက်လည်း ရှုပါဦး အနုမောဒနာရယ်၊ ဒါဇင်ဝက်ဆို ခြောက်ယောက်ကြီးများတောင်ရှင့်. . . မလွန်လွန်းဘူးလား၊ အဖြေတောင် ရအောင် မတောင်းသေးဘူး၊ လောဘက ကြီးလိုက်တာ"

"ဒါဆို အခုဖြေလေ၊ ကိုယ့်ကို ချစ်လားဟင်၊ ကိုယ်က ငယ်ငယ်တည်းက ချစ်ခဲ့တာပါ နိုရာရယ်၊ မင်းသိပါတယ်၊ မင်းခါးလေးကို ဖက်ပြီး စက်ဘီးစီးခဲ့တာကို ကိုယ်ဘယ်လိုမေ့မလဲ နိုရာရယ်"

"တရော်ချောင်းနဲ့ တယောထိုးနေတတ်ပြီကိုး၊ ဟင်း. . ဟင်း၊ ချွဲမနေနဲ့၊ ဆန်းဒေး(၁၁)နာရီ အိမ်ကိုလာ၊ အဖြေတစ်ခု ပေးမယ်. . . ဒါပဲ"

"နိုရာ. ."

ဖုန်းပိတ်သွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



**စ**နေနေ့။

စနေနေ့ပေါင်းများစွာကို သူဖြတ်သန်းခဲ့ဖူးပါသည်။ သည်စနေနေ့ကတော့ သူထိုင်ရမလို ထရမလို။ (အရုပ်ထဲက ခပ်ပြောင်ပြောင် ခပ်ပျော်ပျော် နေတတ်သူ လူတစ်ယောက်ပြောသလို)

အမြီးပဲမြှောက်ရမလို၊ အီးပဲပေါက်ရမလိုဖြစ်နေ၏။ ဖုန်းပဲဆက်ရမလို ကိုယ့်ခြေဖမိုးကိုယ် ကုန်းပဲ လျက်ရမလိုဖြစ်နေသည်။

"ငါ့ညီရာ. . . မင်းကိုယ်မင်း ဘယ်နား ပစ်ချထားရမှန်း မသိအောင် စိတ်လှုပ်ရှားနေလား၊ လာ. . . ရှေ့က ကျော်ခေါင်စတိုး သွားမယ်၊ အဲ့သည်မယ် အရောင်းစာရေးမလေးတွေ သိပ်ဖော်ရွေတယ်၊ မင်း တစ်ခုခု ဂင်ကစားလို့လည်း ရတယ်၊ GYM ရှိတယ်၊ စိတ်ငြည်ငြိမ်အောင် အားကစားတစ်ခုခု ကစားပေ့ါကွာ၊ နက်ဖြန် အ.ပြဖြရမှာပဲ၊ လာ. . . ကိုကျော်ခေါင်နဲ့ ငါနဲ့ ခင်တယ်"





အစ်ကိုဒေါင်း ခေါ် ရာသို့ လိုက်ခဲ့သည်။ ဟုတ်ပ့ါ. . . လှပသည်နှင့်အမျှ ဖော်ရွေသောအပြုံးလေးတွေနှင့် အားကစားကိုယ်လုံးလေးတွေက အသားကပ်ဝတ်စုံထဲ တင်းရင်းချပ်ရပ်နေကြသည်။

"စိတ်ချမ်းသာသလို နေထိုင်နိုင်ပါတယ်ရှင်"

အစ်ကိုဒေါင်းက ဆိုင်ပိုင်ရှင် ကိုကျော်ခေါင်နှင့် သူ့ကို မိတ်ဆက်ပေးသည်။

"ဟုတ်ကဲ့. . . သိကျွမ်းရတာ ဝမ်းသာပါတယ်၊ ကျွန်တော်ပိုင်သူပါ"

"အားကစား ဘာဝါသနာပါလဲ ကိုပိုင်သူ"

"ကျောင်းသားဘဝက ဘောလုံးကစားပါတယ်၊ ခုတော့ လမ်းလျှောက်တယ်၊ အဖွပြေး ပြေးပါတယ်ခင်ဗျာ"

ထိုစဉ် ကားတစ်စင်း ဆိုင်ရှေ့ ဆိုက်လာသည်။ အကောင်းစားဆိုက်ကနပ်ကားကြီးဖြစ်သည်။ ကိုကျော်ခေါင်က ဆင်းလာသူကို မြင်သည့်ခဏ. . .

"ဟာ. . . ငါ့ညီ၊ မင်း ဘယ်တုန်းက ပြန်ရောက်သလဲ"

"သုံးရက်ရှိပြီ ကိုကို. . . ရန်ကုန်ရောက်တာ၊ ဒီနေ့တော့ ကိုကို့ကို သတိရတာနဲ့ တမင်လာတာ"

"ညီလေးအစ်မ တင့်တင့်ရော ပါလား"

"ပါတယ်. . . U.K မှာ အနေကြာတော့ အမိနိုင်ငံကို သူလည်း လွမ်းတယ်လို့ ပြောလာတယ်၊ ပါရမီအိမ် ကျန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဒေါင်းနှင့်သူ့ကိုပါ ညှေ့သည်နှင့် တဆက်တည်း မိတ်ဆက်ပေးသည်။

"သူက ကျွန်တော့်ညီဝမ်းကွဲ ထူးဝေမြင့်တဲ့၊ U.K မှာ နေတာ"

သူ မျက်လုံးတွေ ပျာကနဲ ဖြစ်သွားသည်။ မှန်သည်။ ဟောလီးဝုဒ်မင်းသား ကီနူးရိဗ်နှင့် အတော်ပင် ရုပ်ချင်းဆင်သော လူချောလူနုတစ်ဦးဖြစ်သည်။ နိုရာ ခိုက်ဖူးဆွေးဖူးသော လူသားဖြစ်နေသည်။ လိုအပ်သော ပဋိသန္ဓာရစကားတွေ ပြောပြီး လက်ဆွဲနှုတ်ဆက်ကြ။ နေပြည်တော်အကြောင်း မေးမြန်းသမို့ ဖြေကြား။ ခဏချင်းပင် ခင်မင်သွားကြသည်။

နောက်နာရီဝက်ခန့်ကြာသောအခါ ထူးဝေမြင့်က သူ ပါသနာပါသော Room ခရစ်ကက် နှစ်ယောက်တွဲရိုက်ရန် မှန်ခန်းထဲ ခေါ်သဖြင့် အဝတ်အစား ပြန်လဲရင်း ဝင်ရန်အပြင် အစ်ကိုဒေါင်းက. . .

"ငါ့မိတ်ဆွေတစ်ယောက်ဆီ သွားဦးမယ်ကွာ၊ မင်းတို့က စားပြီးရင် နေ့လည်စာ ဖိုက်သရီးမှာ သွားစားကြ၊ U.K ညှေ့သည်လည်း ခေါ်သွား၊ အစ်ကို Table Booking လုပ်ထားတယ်၊ ငါ့စောင့်မနေနဲ့၊ စားနှင့်ကြ၊ ကိုကျော်ခေါင်ကိုလည်း ဖိတ်ပါတယ်"

"အိုကေ အစ်ကိုဒေါင်း"





တင်းနစ်ကွင်းထဲတွင် နေ့ခင်းမို့ လူသူရှင်းလင်းနေ၏။ ရုံးခန်းထဲတွင် စကြာတစ်ယောက်သာ ရှိနေလိမ့်မည်။ ဘုန်းမိုးသွန်းကားတံခါးကို ဆောင့်ပိတ်ပစ်ခဲ့သည်။

"ဟေ့ကောင် စကြာ"

ရုံးခန်းထဲတွင် တံခါးပွင့်နေသော်လည်း စကြာမရှိ။

ဟင်. . . ချိုင်းထောက်တော့ ရှိနေပါကလား။

သူ နားမလည်စွာ ဟိုဒီရှာနေစဉ် လေကလေး ချွန်၍ အိမ်သာဘက်မှ ခေါင်းငုံ့ လုံချည်ဝတ်ရင်း ခပ်အေးအေး လျှောက်လာနေသော စကြာကို လှမ်းမြင်လိုက်ရသည်။

ဟင်. . . ဒီကောင့်ခြေထောက် အကောင်းကြီးပါလား၊

အခန်းထဲမှ အမှတ်တမဲ့အဝင် လက်ကို ဖမ်းလိမ်၍ လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်က သိုင်းဖက်ရင်း. . .

"ခွေးမသား. . လူလိမ်. . ကလိန်ကကျစ်ကောင်၊ အယုတ်တမာကောင်၊ မင်းခြေထောက်အကောင်းသားနဲ့ ဘာလို့ ချိုင်းထောက်နဲ့ ဟန်ဆောင်နေရတာလဲ၊ မင်းဘာရည်ရွယ်ချက်နဲ့ ငါ့ကို မုဒိန်းကောင် ထောင်ထွက်လို့ နိုရာ့ကို သွားထောင်တာလဲ"

"ဖောင်း. . ."

"အင့်. . ."

နံပေါ် ကျလာသော ပြင်းထန်သည့် စကြာတံတောင်ကြောင့် အောင့်ကနဲဖြစ်ပြီး စကြာကို လွှတ်လိုက်မိသည်။ စကြာက ချိုင်းထောက် ပြေးဆွဲ၍ သူ့ကို ရွယ်၍. . .

"ခင်ဗျား အင်အားမသုံးနဲ့၊ သုံးရင်လည်း ကျုပ်မညှာဘူး၊ အေးအေးဆေးဆေး ထိုင်ဆွေးနွေးရအောင်၊ အမှန်အတိုင်း ကျုပ်လည်း ဝန်ခံမယ်၊ ခင်ဗျားရောကျုပ်ရော ဘဝတူ အပယ်ခံတွေ ဖြစ်သွားပြီ၊ ထိုင်ဗျာ. . . အေးဆေးပေါ့"

ဘုန်းမိုးသွန်း နံကို နှိပ်ရင်း ဝင်ထိုင်သည်။

စကြာက ချိုင်းထောက်ကို အသာချလိုက်သည်။

"ကျုပ်က မမနိုရာကို ကြွေတယ်ဗျ၊ မြင်မြင်ချင်း ကြွေတာ၊ ကျုပ်အဖြစ်က ဒီချိုင်းထောက်ကြောင့် မမနိုရာရဲ့ သူများထက် ပိုတဲ့ အကြင်နာကို ရတယ်၊ ဒါပဲ သာယာနေရတဲ့ဘဝပါဗျာ၊ ဒီချိုင်းထောက်က ဆိုင်မှာ ရောင်းဖို့ သုံးစုံ စမ်းတင်ကြည့်တဲ့နေ့၊ ကျုပ်ကလည်း ဘာရယ် မဟုတ်ဘူး၊ ခဏစမ်းပြီး ထောက်လျှောက်နေတုန်း မမနိုရာက ဆေးဝယ်ဖို့ ဝင်လာရင်း ပြောလာတာ၊ ငါ့မောင်လေး မင်းအားမငယ်ဖို့ မမ ပေါ်လီယာနာရဲ့အတွေးမျိုး ပြောပြမယ်. . ဟင်း. . ဟင်း. . ဆိုပြီး လက်မောင်းကို ကြင်ကြင်နာနာ လာကိုင်တယ်"

"ငါ့မောင် ချိုင်းထောက်နှစ်ချောင်း မသုံးရဘဲ တစ်ချောင်းပဲ သုံးရတာ ကံကောင်းတယ် မဟုတ်လား" တဲ့။

ကျုပ် ချော်လဲရောထိုင်နဲ့ မမရှေ့မှာ ချိုင်းထောက်နဲ့ နေသွားဖို့ ဆုံးဖြတ်လိုက်တယ်၊ နီးနီးကပ်ကပ် ကြင်ကြင်နာနာ နေခွင့်လေးနဲ့ပဲ ကျေနပ်ပါတယ်ဗျာ၊ ကျုပ်က ငွေမရှိ ရုပ်မလှ ကားမရှိ၊ အရောင်း သမားသက်သက်ပါ"

"အေး. . . ငါသဘောပေါက်တယ်၊ အေး. . . ငါလည်း 109 110 ပါပဲ၊ K.C ပိုင်ရှင်လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းဘာဖြစ်လို့ ငါ့ကို ထောင်ထွက် မုဒိမ်းကောင်လို့ သွားထောင်တာလဲ၊ ဘာတဲ့ K.T.V မှာ အဆိုတော် ကောင်မလေးကို လိမ်မွှာရည်ထဲ ဝီစကီ ရောတိုက်ပြီး အလိုမတူဘဲ မုဒိမ်းကျင့်တယ်လို ဘာလို့ ဇာတ်ဆင်ပြီး ပြောရတာလဲ၊ ပြော. . . ဟေ့ကောင်"

"ဒါကတော့ ရှင်းပါတယ်၊ ခင်ဗျားကို မမ စိတ်ဝင်စားနေတာကို ကျုပ် မနာလိုလို့ ပိုပိုသာသာ ချောက်ချတာပေါ့ဗျာ၊ မမနိုရာက အကုန်လုံး ကျုပ်ကို တိုင်ပင်တယ်ဗျ၊ အခု ခင်ဗျားရောကျုပ်ရော လွင့်ပြီး ဘဝတူတွေ အပယ်ခံတွေ ဖြစ်သွားပြီ၊ သူ့ငယ်ပေါင်းချစ်သူ ဘွားခနဲ







www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေါ်လာပြီဗျ၊ ဒီနေ့ အဖြေပေးလိုက်တော့မယ်တဲ့"

"ဟင်. . . အဲ့ဒီကောင်နာမည်က ဘယ်သူတဲ့လဲ"

"သာစု ခေါ် ပိုင်သူတဲ့"

"ဘာ. . "

ဘုန်းမိုးသွန်းမျက်နှာပေါ်၌ ဝသုံးလုံး ပြန်းကနဲ ပေါ်လာ၏။ မျက်စိနှစ်လုံးနှင့် ဝလုံးပါးစပ်ကို ဆိုလိုပါသည်။





သော့ခတ်ထားလေ့ရှိတဲ့ ခြံတံခါး အသင့်ပွင့်နေသဖြင့် နိမိတ်ကောင်းဟု ဝမ်းသာသွားသည်။ ကားမတွေ့သဖြင့် သူမ ဒယ်ဒီနှင့် မာမီ ကို တမင်ရှောင်ထားခိုင်းခြင်းဖြစ်မည်ဟု လိပ်တွေးနှင့် စိတ်အေးရသည်။

တံခါးဝတွင် ချာလီ ပေါ်လာသည်။ ငိုမဲ့မဲ့မျက်နှာနှင့် ရှုံ့ဟု နှုတ်ခမ်းကို လက်ညှိုးနှင့် မှုတ်၍. . .

"မမ ငိုနေတယ်"

ဟု ပြောကာ ခြံထဲ ဆင်းသွား၏။ ရင်ထဲ ဒိန်းကနဲဖြစ်သွားသည်။ ဧည့်ခန်းထဲ ဝင်လိုက်တော့ နိုရာက ဆိုဖာပေါ် ခေါင်းတင်၍ ပက်လက် နီးပါး လှန်ချထားသည်။

"နိုရာ. . နိုရာ. . ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို မတ်၍ ဝင်းဝင်းတောက်သော စိုစွတ်နေသည့် မျက်လုံးတွေနှင့် ကြည့်သည်။ ခါးသီးသောအကြည့်ကြောင့် ရင်တပြင်လုံး ကျဉ်ခနဲ ဖြစ်သွားသည်။

"ဘာ. . ဘာဖြစ်လို့ ငိုနေရတာလဲ နိုရာရယ်"

"သာခု. . . ငါ နင့်ကို ဖြူစင်ရိုးသားသူတစ်ယောက်လို့ ယုံကြည်ပြီး အထင်ကြီးခဲ့တာ၊ နင်. . နင်တို့ စနစ်တကျ အကွက်ချပြီး ဘာလို့ ငါ့ကို လာစော်ကားတာလဲ"

"ကိုယ် ဘာမှနားမလည်ဘူး နိုရာ၊ ဘာတွေ ကိုယ်က စော်ကားနေလို့လဲ"

"ဟင်း. . ဟင်း. . နင် အိုက်တင်တော်တော်ကောင်းတယ်နော်"

ပြောပြောဆိုဆို တင်ပါးအိအိအောက် ဖိထိုင်ထားသော ဓါတ်ပုံတစ်ပုံကို ဖတ်ခနဲ ရှေ့က စားပွဲပေါ် ပစ်ချသည်။

"ဟိုက်. . "

သူ ပက်လက်လန် လဲမလို ဖြစ်သွားသည်။ ဓါတ်ပုံက ဘုန်းမိုးသွန်းနှင့်သူ လည်ပင်းဖက်ပြီး အားရပါးရ ရယ်မောနေပုံ။

"နို. . နိုရာ. . ဒီဓါတ်ပုံ ဘယ်ကရတာလဲ"

"ဒါ. . နင့်ကိစ္စမဟုတ်ဘူး၊ နင်နဲ့သူ ပတ်သက်နေမှုကသာ ကိစ္စ၊ ထပ်ညာဦးမလား. . . ဒီလူကို ငါမသိပါဘူးလို့"

"မညာပါဘူး. . . ဘုန်းမိုးဟာ တို့ကျောင်းနေဘက် သူငယ်ချင်းပါ"

"ဟင်း. . ဟင်း. . နင်က နင်တစ်ယောက်ထဲတင် မကဘူး၊ ဘော်ဒါ မုဒိမ်းကောင်ကိုပါ ငါ့ကိုပေးတွဲပြီး သပ်လျှိုတာကိုး"

"မ. . မဟုတ်ဘူး နိုရာ၊ ကိုယ့်ပရောဂျက်က အရေးကြီးတယ်၊ မအားလို့ ဒီကောင့်ကို. . စုံ. . စုံစမ်းဖို့ လွှတ်လိုက်တာ"

"မဟုတ်ဘူး. . . နင် ငါ့ကို မျှော့သွေးစမ်းတာ၊ မိန်းမကျမ်းကျေတဲ့ မုဒိမ်းကောင်ကို လွှတ်ပြီး ငါ့ဂုဏ်သိက္ခာကို ချိုးဖျက်ဝင်ရောက်ဖို့ ကြံစည်တာ၊ ငါ့ဘဝ ပျက်စီးအောင် အားထုတ်တာ၊ နင့်ကို ငါမုန်းတယ်၊ အရမ်းမုန်းတယ်. . . နာတယ်"

"နို. . နိုရာ. . . ကိုယ်ရှင်းပြ. . "

"နင် ငါ့မျက်စေ့အောက်က အခုထွက်သွား၊ သွားဆိုသွား. . . မသွားရင် ငါ့ကိုယ်ငါ တစ်ခုခု လုပ်မိမယ်၊ နင့်ကို ငါ ငယ်စာရင်းဖျက်တယ်. . ဒါပဲ. . နင်သွားတော့"

ကြေကြေကွဲကွဲ ထရပ်လိုက်သည်။ ချစ်သူ့မျက်နှာကို တစ်ဘဝစာ ကြည့်လိုက်သည်။ အမြင်တွေ ဝါးလာ၏၊ ပေါက်နဲ ကော်ဖီပေါ် မျက်ရည်နှစ်ပေါက်အကျ၌ ခေါက်ကနဲ နောက်လှည့်ထွက်ခွာခဲ့သည်။ အိခနဲ ရှိုက်လိုက်သော သူမ လှိုက်ငိုသံနောက်မှာ ကျန်ခဲ့သည်။

ဒါဟာ. . နောက်ဆုံးပဲလား။

လိပ်ပြာကန်ဘေးလမ်းအတိုင်း ခေါင်းငုံ့လျှောက်လာမိသည်။ ခန္ဓာကိုယ်က အခွံချည်းသက်သက်လို ရွေ့နေခြင်းဖြစ်သည်။ နှလုံးသည်း






www.burmeseclassic.com

www.burmeseclassic.com



ပွတ်တွေက ချစ်သူရှေ့ ကျခဲ့သောမျက်ရည်ထဲ ပျော်ဝင်၍ ကျန်ခဲ့သည် ထင်သည်။ ထိုစဉ် ကားတစ်စင်း ရှေ့က ပိတ်ရပ်လာသည်။

"ဂျိတ်. . "

"ဩော်. . မင်းကိုး. . သစ္စာရှိသူငယ်ချင်း"

"ကွန်ဂရက်ကျူလေးရှင်း ပိုင်သူ"

ဆွဲထိုးမိတော့မည့်စိတ်ကို မနည်းထိန်းချုပ်ထားရသည်။

"ဘာကို ဂုဏ်ယူတာလဲ. . သစ္စာဖောက် ဘုန်းမိုး"

"မင်းကို မင်းချစ်သူက အဖြေပေးလိုက်တယ် မဟုတ်ဘူးလား"

"မင်းကွာ. . . သစ္စာဖောက်ရုံတင် မကဘူး၊ မစားရတဲ့အမဲ သဲနဲ့ ပက်တယ်"

"မင်း ဘာကိုပြောတာလဲ"

"မင်းလည်း လူပျိုလူလွတ်မို့ ချဉ်းကပ်ခွင့် ရှိပါတယ်၊ ဒါကို ငါ နားလည်တယ်၊ ငါနားမလည်တာက ဘာဖြစ်လို့ မင်းနဲ့ငါ ဖက်ရယ်နေတဲ့ပုံကို နိုရာ့ကို သွားပေးရတာလဲ"

"ဟာ. . . သူငယ်ချင်း၊ ငါလည်း နိုရာ့ကို စွဲလန်းမိလို့ မင်းနဲ့ လွဲအောင်လုပ်ပြီး ငါကြံစည်မိတယ်၊ ဟုတ်တယ်. . . ငါရိုင်းသွားတယ်၊ ဒါပေမယ့် ဓါတ်ပုံပြရလောက်အောင် ငါမယုတ်မာဘူး၊ အခု မင်းကို ကွန်ဂရက်ကျူလေးရှင်း လုပ်ပြီးရင် နိုရာ့ကို အမှန်အတိုင်း ပြောပြမယ်၊ နှုတ်ဆက်မယ်၊ တောင်းပန်စရာရှိရင်လည်း တောင်းပန်မယ်ဆိုပြီး လာတာ၊ ငါ့ဘော်ဒါ စကြာကို မေးကြည့်"





စကြာက ခပ်ယိုင်ယိုင်လေး ဆင်းလာသည်။

"ဟုတ်တယ် နောင်တော်၊ ကိုဘုန်း ပြောတာ အမှန်အကန်ပဲ၊ ကျွန်တော်က မမနိုရာရဲ့ဘော်ဒါအရင်းပဲ၊ ဓါတ်ပုံပေးတာ သူမဟုတ်ဘူး၊ လာဗျာ. . . အသည်းကွဲရင်း သွားသောက်ကြရအောင်"

"ငါ မသောက်ဘူး ဘုန်းမိုး၊ ငါ့မှာ အရေးကြီးတဲ့ကိစ္စ ရှိတယ်၊ ငါ့ကို ဗိုင်းဂနိုင်း လိုက်ပို့"

"ဂျိတ်. . ဂျိတ်. . ဂျိတ်. . . ဝူး"

ဘုန်းမိုးသည် ခပ်ထွေထွေနှင့် တစ်လမ်းလုံး တောင်းပန်လာသည်။ သူ ခွင့်လွှတ်ပါသည်လေ။ နိုရာ၏အလှနှင့် ဆွဲအားပြင်းသည့် ညှို့ခြင်းတွင် ဘယ်ပုရိသ ခံနိုင်စွမ်းမည်နည်း။ ရှုံးသွပ်ကုန်ကြတာ သိပ်အဆန်းမဟုတ်တော့ပါပြီ။

သို့သော် ချစ်သူကို သူ ဘယ်လောက်ချစ်ကြောင်းကိုတော့ နောက်ဆုံးပြခဲ့ချင်သည်။ တစ်ဘဝစာ ပေးဆပ်ခဲ့ချင်သည်။ ချစ်သူကို သူမ အလိုချင်ဆုံးအရာကိုမှ ဘဝနှင့် ရင်း၍ ပေးဆပ်ခဲ့ပါတော့မည်။

"ကဲ. . . သူငယ်ချင်း၊ အဲ့ဒီကျော်ခေါင်စတိုးရှေ့ ရပ်ပေး"

"ကျွီး. . ရီး. . ရိ"

"အိုကေ. . . ငါ့ကို ထားခဲ့တော့၊ ကားမောင်းရမှာ ဘုန်းမိုး၊ မင်း သိပ်မူးလို့မကောင်းဘူးနော်"

"အိုကေ သယ်ချင်း. . . သွားပြီ"

"ဂျိတ်. . ဝူး"



www.burmeseclassic.com

www.burmeseclassic.com



ထူးဝေမြင့်၏ဆိုက်ကနပ်ကားဘေးမှ သူ ဆိုင်ထဲ အလျင်စလို ဝင်လာခဲ့သည်။ ရင်ထဲမှာတော့ ကျဉ်တင်တင်ကြီး ဖြစ်နေ၏။





နိုရာ့ခြံထဲတွင် ရပ်ထားသောကားကို ကြည့်၍ သူ အူကြောင်ကြောင် ဖြစ်သွား၏။

"အစ်ကိုဒေါင်းကားပဲ. . . သူငယ်ချင်း. . . ခြံဝ ကပ်ရပ်လိုက်၊ ခဏနေ ကိုယ်အချက်ပြမှ ဝင်ခဲ့၊ မင်းအရမ်းအံ့သြစရာ မြင်ရမယ်"

ထူးဝေမြင့် အူကြောင်ကြောင်နှင့် သူ့ကားထဲ ကျန်ခဲ့သည်။ အပေါ်ထပ်က ချာလီက ခပ်ကုတ်ကုတ် လှမ်းကြည့်နေသည်။ အသာ အယာပင် ဧည့်ခန်းဝနား ရပ်လိုက်မိသည်။

"ကျွန်မကို အချိန်မီရုံကလေး သတိပေးတဲ့ခါတ်ပုံ လာပေးခဲ့တာကို ကျေးဇူးတင်ပါတယ်ရှင်"

"ကျေးဇူးတင်ရုံပဲလား နိုရာရယ်၊ ကိုကိုနဲ့မင်း တစ်ယောက် အပေါ်တစ်ယောက် ထားခဲ့တဲ့ သံယောဇဉ်ကို မင်းကလေး ထည့်တွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား၊ နိုရာ ကွန်ပျူတာသင်တန်း လာတက်ခဲ့တာ ဆယ်စုနှစ် တစ်နှစ်စာလောက် ရှိခဲ့ပါပြီ၊ ကိုကို တစ်နေ့မှ မမေ့ခဲ့ပါဘူး"

"အဲ့ဒါတွေ အဲ့ဒီမှာပဲ ပြီးခဲ့ပါပြီ ဦးဒေါင်းနေ၊ ကျွန်မ ဘာမှ ပြန်မစဉ်းစားချင်တော့ပါဘူးရှင်"

လက်စသတ်တော့ သူနဲ့ မတွေ့ခင် နိုရာတွဲဖူးသည်ဟု ပြောခဲ့သော ကွန်ပျူတာဆရာက အစ်ကိုဒေါင်းနေကိုး။

တိုက်ဆိုင်လိုက်တာ. . . ရက်ရက်စက်စက် တိုက်ဆိုင်မှုတစ်ခုပဲဟု တံခါးဝ၌ သူ တွေးနေမိသည်။

"နိုရာ ကိုယ့်အချစ်ကို လက်ခံရင် ကိုကို နေပြည်တော် မပြန်တော့ဘူးလို့ စဉ်းစားထားတယ်၊ ဒီမှာပဲ ကွန်ပျူတာစင်တာကြီးတစ်ခု ဖွင့်ပြီး. . ."

"ဘယ်လိုမှ မဖြစ်နိုင်လို့ပါရှင်၊ လောလောဆယ် ကျွန်မ စိတ်အရမ်းညစ်နေပါတယ်ရှင်၊ ကျေးဇူးပြုပြီး တစ်ယောက်တည်း နေပါရစေရှင်"

ဩော်. . . အစ်ကိုဒေါင်းလည်း ပတ်သက်ခဲ့ဖူး၍ ညို့ခြင်းပြင်းအားထဲ သွက်သွက်ခါအောင် ရူးနေပါပေါ့လား။ ပေါ့ပါးသွားအောင် ငါ တစ်ခုခု လုပ်မှ ဖြစ်တော့မည်။ နိုရာ့ကိုလည်း စိတ်ချမ်းသာစေချင်သည်လေ။

"အဟမ်း. ."

"ဟာ. . ပိုင်သူ. . မင်းဘာလာလုပ်တာလဲ"





"တည်းခိုအိမ်ကို အရေးကြီးတဲ့ဖုန်း ဝင်လာတယ် အစ်ကိုဒေါင်း"

"ဘာဖုန်းလဲကွ"

"နေပြည်တော်က အစ်ကို့မဒမ်ဆီက သားလေး သွေးလွန်တုတ်ကွေး ဖြစ်လို့တဲ့"

ဟာ. . ကနဲ အော်ပြီး အစ်ကိုဒေါင်း ထလစ်လေသည်။

သူ့နားရောက်သောအခါ ပြုံးဖြဖြနှင့် ကပ်ဆဲသွား၏။

"နိုရာ့ကို တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက် ခေါ်လာခဲ့ပါတယ်၊ နိုရာ တွေ့ချင်မယ့်သူလည်း ဖြစ်ပါလိမ့်မယ်၊ ခဏစောင့်နော်. . ကိုယ်လွှတ်လိုက်မယ်၊ သွားပြီ နိုရာ၊ တစ်ဘဝစာ နှုတ်ဆက်ပါတယ်"

'သာခု' ဟု ခေါ်သံသဲ့သဲ့ကို နာကျင်စွာ သူ ကျောပေးလိုက်သည်။ ခေါင်းကို မသိမသာ ယမ်းခါလိုက်မိသည်။

"ထူးဝေမြင့်. . . မင်းကို အထူးမျှော်လင့်နေတဲ့အိမ်ရှင်ကို သွားတွေ့လိုက်ပါ၊ အိမ်ရှင်နာမည်က Dr. နိုရာကျော်ဆိုတဲ့ သက်ရှိပန်းပုရုပ်လေးပဲ၊ ငါ လိပ်ပြာကန်ပေါင်က စောင့်နေမယ်၊ မင်း ကံကောင်းပါစေကွာ"

ထူးဝေမြင့် အံ့အားတသင့် ကားထဲက ဆင်းလာသည်။ သူ ကြေကြေကွဲကွဲ ခြံထဲက ထွက်လာခဲ့လိုက်သည်။ တိမ်ထူနေသဖြင့် လိပ်ပြာကန်သည် ညို့ညို့မှိုင်းလျက် ရေပြင်ထက်တွင် လှိုင်းကြပ်ခွပ်များ ထနေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြေကွဲမှုတို့ကြောင့်ပဲလားမသိ၊ ပတ်ဝန်းကျင်အခြေအနေကတောင် မှုန်မှိုင်းလျက်ရှိလေသည်။ ခုချိန်မှာ ဘာကိုတွေးရမှာလဲ။ အဖြစ်အပျက်တွေရဲ့တရားခံကို ရှာပါဆိုရင်ရော ဘယ်သူ့ကို လက်ညှိုးထိုးရမှာလဲ။

လူတိုင်းမှာ တစ်ကိုယ်စာအတွက် လုံလောက်တဲ့အမှန်တရားတစ်ခုစီတော့ ရှိတတ်ကြတာပါပဲ။ ဖြစ်ချိန်တန်လို့ ဖြစ်ခဲ့ကြတယ်ဆိုရင် အခုလိုကြေကွဲမှုမျိုးကရော ငါ့အတွက် ဖြစ်ချိန်တန်လို့ပဲလား။

သူ့အတွေးတို့က ရှုပ်ယှက်ခတ်အောင် ဆူဝေလွန်းလာသည်။ အပြစ်မရှိဘဲ အပြစ်ဒဏ်ခံရသော အကျဉ်းသားတစ်ယောက်၏ဝေဒနာမျိုးနှင့် သူ့ရင်ထဲ မွန်းကျပ်ဆို့နစ်လို့နေရသည်။

BURMESE CLASSIC .com

ကန်ရေပြင်ကို ဖြတ်သန်းလာသော လေနုအေးတို့က သူ့ကိုသုတ်ခနဲ ဝင်တိုးတိုက်သွားသည်။ အနည်းငယ် အေးချမ်းသွားသလိုခံစားလိုက်ရ၏။ ထိုအေးချမ်းမှုမှာ သူ ခဏမျှ ငြိမ်သက်နေမိလိုပ်သည်။

ထိုသို့ငြိမ်သက်နေရင်းနဲ့မှ အရာအားလုံးကို နားလည်ခွင့်လွှတ်တတ်ဖို့ သူ့နှလုံးသားကို သူပြန်ဖျောင်းဖျနေလိုက်သည်။ တဖြည်းဖြည်းကြာလာသည်နှင့်အမျှ သူ အနည်းငယ် စိတ်သက်သာရာရလာသလိုဖြစ်လာရသည်။ အဲဒီအချိန်မှာပင် သူ့အနားရောက်လာသော လူရိပ်နှစ်ခုကြောင့် သူလှည့်ကြည့်လိုက်မိသည်။

"ဟင်. . . နိုရာ. . . ထူးဝေမြင့်"

ဩော်. . . နင်တို့ အဆင်ပြေသွားကြပြီပဲ။ ဘာပဲပြောပြော





ငါကျေနပ်ပါတယ်ဟာ။ အဓိက,က နင်ပျော်ဖို့ဆိုရင် ငါက ငါ့ရင်ကွဲလည်း ကျေနပ်နေမယ့်ကောင်ပါ။

သူ့စိတ်ထဲက စကားတွေ ပြောနေမိတာကို သူမတို့ ကြားမည်မထင်ပါ။ အဲဒီအချိန်မှာပင် နိုရာ့ဆီက စကားသံ ထွက်လာသည်။

"ပြန်မတွေ့ဖြစ်တော့ဘူးလို့ ငါထင်နေတဲ့ လူတစ်ယောက်ကို ငါ့ဆီ ပြန်ခေါ်လာပေးလို့ ငါ နင့်ကို ကျေးဇူးတင်ပါတယ် သာမုရယ်"

"ရပါတယ်ဟာ. . . မလိုပါဘူး"

သူ ကြေကွဲဆို့နင့်စွာ ပြန်ပြောလိုက်သည်။ စကားလုံးတို့တွင် တုန်ရီလှိုက်ခတ်မှုတို့ မပါအောင် သူထိန်းထားရသည်။ ရင်ကွဲသည်ဆိုပေမယ့် သူတစ်ပါးရှေ့မှာ သူ မျက်ရည်မကျလိုပါ။

"အဲဒီအတွက် ငါ နင့်ကို ကျေးဇူးတင်လို့ အခွင့်အရေး ပေးမယ်လေ၊ နင် ငါ့ဆီက တစ်ခုတောင်းဆိုလို့ရတယ်၊ နင်ဘာလိုချင်လဲ"

ငါဘာလိုချင်လဲ ဟုတ်လား။ ငါတကယ်လိုချင်တာက နင်ပဲပေါ့။ ဒါပေမယ့် အဲဒါက မရနိုင်ဘူး မဟုတ်လား။ သူ နိုရာကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ. . .

"အဲဒါဆိုရင်လည်း နင့်ရဲ့လက်က ရှည်ထွက်နေတဲ့ လက်သည်းလေးတွေကို ငါညှပ်ပေးခွင့်ရချင်တယ်"

သူ့ဆီမှ မထင်မှတ်သော တောင်းဆိုမှုကြောင့် သူမ အံ့အားသင့်သွားရသည်။ နင်က တကယ်ပဲ ရိုးလွန်းတာပဲ သာမုရယ်။

"ကောင်းပြီလေ. . . ရော့"



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ကလေးကို သူ့ဆီ ကမ်းပေးလိုက်တော့ သူက keychain တွေနှင့် တွဲထားသည့် လက်သည်းညှပ်သေးသေးလေးနှင့် သူမလက်ကလေးကို အသာအယာပင် ကိုင်ပြီး ဂရုတစိုက် ညှပ်ပေးလေသည်။ ထိုအပြုအမူကို ကြည့်ပြီး ထူးဝေမြင့်က. . .

"ကိုပိုင်သူက မနိုရာကို တော်တော်ချစ်တာပဲနော်၊ ဘာလို့များ သူ တစ်ခုတောင်းဆိုလို့ရတယ်ဆိုတုန်းက သူ့အချစ်ကို မတောင်းတာလဲ"

"ငါ့မှာ တောင်းဆိုပိုင်ခွင့် မရှိတော့တာကွာ"

ကျွန်တော့်စကားကြောင့် ထူးဝေမြင့်က တအံ့တဩနှင့်. . .

"နေပါဦး. . . တောင်းဆိုပိုင်ခွင့် မရှိရအောင် ကိုပိုင်သူကလည်း သူ့ကို မချစ်တာမဟုတ်၊ မနိုရာကလည်း ပိုင်ဆိုင်သူ ရှိသေးတာလည်း မဟုတ်ဘဲနဲ့"

"ဘယ်လို. . ."

ကျွန်တော့်ရဲ့မသိသလို အူတူတူမေးခွန်းကို ကျွန်တော့် နတ်သမီးလေးက ဝင်ဖြေပါသည်။

"ဟုတ်တယ်လေ. . . အခု နိုရာ့မှာ ချစ်သူမှ မရှိသေးတာ၊ ထူးဝေမြင့်ဆိုတာက online ပေါ်က သူငယ်ချင်းတစ်ယောက်ပဲလေ၊ ကျွန်မ အရမ်းခင်တဲ့သူငယ်ချင်းပေါ့၊ နိုရာတောင် သူ့ကို ပြောထားသေးတယ်၊ ငါ့မှာ ငယ်ချစ်ဟောင်းကြီး ရှိတယ်လို့"

သူမစကားကြောင့် သူ ဟိုက်ခနဲ ဖြစ်သွားရပြီး. . .





"ဒါ. . ဒါဆို နိုရာရဲ့ငယ်ချစ်ဟောင်းကြီးဆိုတာ ဘယ်သူလဲဟင်"

"သွား. . . ဒါလေးတောင် မသိဘူးလား ငတုံးကြီး"

ပြောပြီး သူမက ဟိုဘက်လှည့်သွားသည်။ ရှက်လို့ထင်ပါရဲ့။

အိုး. . . ကျွန်တော်လည်း ကတုန်ကယင်ကြီးပဲလေ။ ပျော်လွန်းလို့ ရင်တွေ ခုန်နေတာ။

ကျွန်တော် သူမရှေ့ကို သွားပြီး သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ သူမကလည်း အလားတူပင် တုန့်ပြန်ပါသည်။

"ဒါဆို နိုရာလည်း ကိုယ့်ကို ချစ်တယ်ပေါ့နော်"

သူမက ကျွန်တော့်ကို တစ်ချက်မော့ကြည့်သည်။ ပြီးမှ ခေါင်းကလေး ပြန်ငုံ့သွားပြီး. . .

"အင်း. . . ချစ်တယ်"

"ဟေး. . . ဝမ်းစမိုး"

ဒီအသံတွေကတော့ ထူးဝေမြင့်နဲ့ချာလီဆီက ထွက်လာတာပါ။

ဘယ်လိုပဲဖြစ်ဖြစ် မုန်တိုင်းပြီးရင်တော့ လေပြေလာမှာပဲမဟုတ်လား။ ညာတာပါတေးနဲ့ပဲပြောပြော ကျွန်တော့်ရင်ခွင်ထဲက ရှာရာပိုဗာလေးကို မလွှတ်တော့ပါဘူး။



www.burmeseclassic.com